၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No. 814, May 15, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ကလေးတွေမှာ နိုင်ငံရေးအသိစိတ် နိုင်ငံရေးတာဝန်တွေကို ဆက်ပြီးဆောင်ရွက်စေလိုကြောင်း

# မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြောဆို

**VOA ၊ မေ ၁၀ ။** ။ ကလေးတွေရဲ့ပညာရေးဟာ တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တာမို့ ကလေးတွေမှာ နိုင်ငံရေးအသိစိတ်နဲ့ နိုင်ငံရေးတာဝန်တွေကို ဆက်ပြီးဆောင်ရွက်လိုစိတ်တွေရှိဖို့လိုတယ်လို့ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့မိသားစုဝင် ကလေးတွေအတွက် ဒသမအကြိမ်မြောက် ပညာရေးထောက်ပံ့စရိတ်ပေးပွဲကို ဗဟန်း ရွှေဂုံတိုင်မှာရှိတဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်မှာ ဒီနေ့ကျင်းပရာမှာ အခုလိုပြောလိုက်တာဖြစ်ပါတယ်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ သားသမီးတွေ ပညာသင်ကြားရေးမှာ ချို့ယွင်းအားနည်းမှုမရှိသွားစေဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ NLD ပါတီက နှစ်စဉ် ထောက်ပံ့ကူညီလာတာဟာ ဒီနေ့ ၁၀ ကြိမ်မြောက်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အနာဂတ်ဟာ လူငယ်တွေရဲ့လက်ထဲမှာရှိတာမို့ နိုင်ငံရေးဆိုတာနဲ့ နိုင်ငံရေးတာဝန်ကို ယူချင်တဲ့ဆန္ဒတွေရှိဖို့ကလည်း အရေးကြီးတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

အထူးသဖြင့် မိခင်ဖခင်တွေဟာ ဘာကြောင့် နိုင်ငံရေးလုပ်ရတယ်၊ ဘာကြောင့် ထောင်ထဲမှာရှိနေတယ်ဆိုတဲ့ အခြေအနေအမှန်ကို သားသမီးတွေသိဖို့ နားလည်ဖို့လိုတယ် ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်က အဓိက ရှင်းပြခဲ့တယ်လို့ NLD ပါတီရဲ့ ပြောခွင့်ရသူ ဦးအုန်းကြိုင်ကပြောပါတယ်။

"နိုင်ငံရေးလုပ်လို့ ထောင်ကျတာပဲ၊ စဉ်းစားမယ့်လူတွေလည်း ရှိနေနိုင်တယ်တဲ့။ အဲဒီတော့ အခုလို နိုင်ငံရေးလုပ်တာဟာ ယုံကြည်ချက်ကြောင့် လုပ်တာပဲတဲ့။ ယုံကြည်ချက်ကဘာလဲဆိုရင် ပြည်သူတယောက်တိုင်းဟာ ကိုယ့်တိုင်းပြည်ရဲ့ကြမ္မာကို ကိုယ်နေချင်တဲ့တိုင်းပြည်ကို ကိုယ်ဖြစ်စေချင်တဲ့ပုံစံမျိုးဖြစ်အောင် ဖန်တီးပိုင်ခွင့်ရှိတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူတိုင်းလည်းပါဝင်ခွင့်ရှိတယ်။ အဲဒီခံယူချက် အဲဒီယုံကြည်ချက်နဲ့ တိုင်းပြည်ကောင်းဖို့အတွက်ဆောင်ရွက်ကြလို့ နိုင်ငံရေးလုပ်ကြတာဖြစ်တယ်။ အဲဒါကြောင့်လည်း နိုင်ငံရေးမှုနဲ့ထောင်ကျသွားတာဖြစ်တယ်။

"ဒါကြောင့်မို့ဒီလူတွေအတွက် တိုင်းပြည်ကရော မိသားစုကရောအများကြီးဂုဏ်ယူစရာဖြစ်တယ်တဲ့။ နိုင်ငံရေးအကျဉ်းသားဖြစ်သွား တဲ့သူတွေရဲ့ သားသမီးတွေဟာ မိဘ အခုလိုဖြစ်သွားတဲ့အတွက်ကြောင့် ပညာသင်ကြားမှုမှာ ဘာမှ ချို့ယွင်း အားနည်းမှုတွေ မဖြစ်စေချင်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ကလေးတွေရဲ့ပညာရေးဆိုတာ နိုင်ငံရဲ့အနာဂတ်ပဲတဲ့။ ဒီကလေးတွေကလည်း နိုင်ငံရေးတာဝန်တွေကိုဆက်ပြီးဆောင်ရွက်စေချင်တဲ့ဆန္ဒရှိတယ်၊ ဆောင်ရွက်ကြရမယ်တဲ့။ အဲဒီလိုရှင်းပြသွားပါတယ်။"

NLD ပါတီရဲ့ပြောခွင့်ရသူဦးအုန်းကြိုင် ပြောပြခဲ့တာဖြစ်ပါတယ်။

နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တွေရဲ့ သားသမီးတွေအတွက် နှစ်စဉ် ပညာရေးထောက်ပံ့မှုအစီအစဉ်ကို ရန်ကုန်တိုင်း NLD လူမှုအထောက်အကူပြုအဖွဲ့က ဦးဆောင်ကျင်းပပေးနေတာဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားမိသားစုဝင် ၇၇ ဦးထဲက သားသမီးပေါင်း ၁၂၃ ဦးကို ပညာရေးထောက်ပံ့စရိတ် ကျပ်ငွေ ၄၀,၀၀၀ စီ ဒီနေ့ပေးခဲ့ပါတယ်။ ဒီလိုထောက်ပံ့မှုဟာ ကလေးတွေရဲ့ပညာရေးအတွက် တစိတ်တပိုင်းပံ့ပိုးမှုဖြစ်တယ်ဆိုတာထက် စိတ်ပိုင်းဆိုင်ရာခွန်အားတွေကို ပိုပြီးရ

**စာမျက်နှာ ၃ သို့**

**ကုလအထူးကိုယ်စားလှယ် မစ္စတာနံ့ပီးယား နေပြည်တော်ရောက်ရှိ** — စာမျက်နှာ ၃
**ကုလအကြံပေးပုဂ္ဂိုလ် မစ္စတာ နံ့ပီးယားနဲ့ နိုင်ငံရေးပါတီများတွေ့** — စာမျက်နှာ ၅
**သမတဦးသိန်းစိန်ရဲ့ အာဆီယံဥက္ကဋ္ဌရာထူး တောင်းဆိုချက် မှုအားဖြင့်သဘောတူခဲ့** — စာမျက်နှာ ၇
**ဖာပွန်ခရိုင်အတွင်း လူ ၉၀၀၀ နီးပါး အစာရေစာပြတ်လပ်** — စာမျက်နှာ ၁၂
**ကုလအထူးသံကိုယ်စားလှယ် ဦးသိန်းစိန်အစိုးရသစ်ကို ဖိအားပေး** — စာမျက်နှာ ၁၅
**အမေရိကန်အထူးကိုယ်စားလှယ် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်မျှော်လင့်** — စာမျက်နှာ ၁၈

# သမတသစ်လက်ထက် ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးမှု မြန်ဆန်သွက်လက်လာ

**DVB ၊ ၆မေ ၁၂။** ။သမ္မတဦးသိန်းစိန်အစိုးရသစ် တက်လာပြီးကတည်းက သွင်းကုန်၊ ထုတ်ကုန် လိုင်စင်တွေရယူရာမှာ အရင်တပ်မတော်အစိုးရလက်ထက်ကလို မဟုတ်ဘဲ မြန်ဆန် သွက်လက်လာနေပါတယ်။ အရင်တုန်းက လိုင်စင်ရဖို့ သီတင်းတပတ်ကနေ တလလောက်ထိ ကြာမြင့်ပြီး အခုအခါ သီတင်းတပတ်အတွင်း ရအောင်လုပ်ပေးနေပါတယ်။ အစိုးရသစ်လက်ထက်မှာ လိုင်စင်ရယူမှုအချိန်သွက်လက်လာတယ်လို့ လိုင်စင်လျှောက်သူတွေက ပြောပါတယ်။

သွင်းကုန်ထုတ်ကုန်လိုင်စင်နဲ့ လုပ်ငန်းလည်ပတ်နေတဲ့ ကုမ္ပဏီတခုက တာဝန်ရှိသူတဦးကိုမေးရာမှာ ခုလိုဖြေပါတယ်။

“စောင့်ရတာကတော့ နေပြည်တော် ကုန်သွယ်ရေးကို စောင့်နေရတုန်းပဲ။ စီးပွားကူးသန်းဝန်ကြီးဌာနပဲလေ။ အရင်တုန်းကတော့ စစ်ကောင်စီ ကုန်သွယ်ရေးကောင်စီပေါ့။ ကုန်သွယ်ရေးကောင်စီက နှစ်ပတ်မှ တခါကျတယ်လိုင်စင်က။ အခု လောလောဆယ်ကတော့ တပတ်အတွင်းချပေးနေတယ်။ ဒါပေမယ့် အဲဒီ စီးပွားကူးသန်းကုန်သွယ်ရေးကိုတော့ တင်နေရတုန်းပဲ။ လိုင်စင်သွားတင်တယ်။ သူတို့က တော့ ဒီနေ့ဒီနေ့ ရမယ်ဆိုပြီးတော့ ထုတ်လိုက်တယ် ဒါပဲ။ လတ်တလောကတော့ နေ့စဉ်လိုလို လိုင်စင်တွေကတော့ တင်နေတာပဲ”။

တချိန်တည်းမှာ အစိုးရသစ်တက်တက်ချင်းမို့ ကုန်သွယ်ရေးကောင်စီကို ဖျက်သိမ်းလိုက်ပေမယ့် နောင်တချိန်မှာ အရင်အတိုင်းပဲ ထိန်းချုပ်တဲ့အဖွဲ့ တဖွဲ့ တခြားအမည်တခုနဲ့ ထွက်ပေါ်လာပြီး ပြန်ကြန့်ကြာမှာကိုတော့ စိုးရိမ်တယ်လို့ သူကပြောပါတယ်။ အရင်တုန်းက လျှောက်ထားတဲ့လိုင်စင်တွေကို ကုန်သွယ်ရေးကောင်စီရဲ့ ခွင့်ပြုချက်ရမှ ချပေးနေပြီး အစိုးရဟောင်းနဲ့အတူ ကုန်သွယ်ရေးကောင်စီကိုလည်း ဖျက်သိမ်းလိုက်ပြီး ဝန်ကြီးဌာနက ကိုင်တွယ်ဆောင်ရွက်လို့ အချိန်ကြန့်ကြာမှု နည်းပါးသွားတာလို့ သွင်းကုန်ပါမစ်ချပေးတဲ့ စီးပွားကူးသန်းဝန်ကြီးဌာနက ပြောပါတယ်။ နောက်နောင်မှာ ဒီထက်ပိုမိုမြန်ဆန်အောင်နဲ့ နေ့တွင်းချင်း လိုင်စင်ချပေးနိုင်အောင် ပြင်ဆင်နေတယ်လို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာက သွင်းကုန်လိုင်စင်ဆိုင်ရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုမင်းကပြောပါတယ်။ သွင်းကုန်ထုတ်ကုန်လိုင်စင် အခြေအနေနဲ့ပတ်သက်လို့ စီးပွားရေးနဲ့ကူး သန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သွင်းကုန်လိုင်စင်ဆိုင်ရာဦးဆောင်ညွှန်ကြားရေးမှူးဦးကိုကိုမင်းကိုကိုအေးနိုင်ကမေးထားပါတယ်။ ပြည်ပတင်ပို့တဲ့ကုန်ပစ္စည်းတွေ၊တင်သွင်းတဲ့ကုန်ပစ္စည်းတွေနဲ့ပတ်သက်ပြီး ကုန်သွယ်ရေးကောင်စီကို ဖြတ်စရာမလိုတော့ဘဲနဲ့ ဌာနတခုတည်းကပဲ ကိုင်တယ်လို့သိရပါတယ်။ ဘယ်တုန်းက စတာပါလဲ။

“မေ ၁ ရက်နေ့က စတာပေါ့။ ကျနော်တို့ဌာနကပဲ ဖြတ်ပေးပါတယ်။ အဲဒီ process က ဘယ်လိုက ဖြစ်လာပါသလဲ။ အစိုးရသစ်လက်ထက်မှာ စတာပေ့ါနော်။ အရင်ကုန်သွယ်ရေးကောင်စီဆိုတာကတော့အရင်အစိုးရ လက်ထက်မှာဖွဲ့ထားတာလေ။ အစိုးရသစ်လက်ထက်မှာတော့ကုန်သွယ်ရေးကောင်စီဆိုတာကို သူ့သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက သူနဲ့သက်ဆိုင်တဲ့ အပိုင်းကို တာဝန်ယူတဲ့သဘောပါ”။

ဒီလိုမျိုး အစီအစဉ်သစ်နဲ့ ခြေလှမ်းလှမ်းတော့ ကုန်ပစ္စည်းအမယ်တွေ မျိုးခွဲတွေရောရှိလား၊ တပြေးညီလား။

“အားလုံးတပြေးညီပါပဲ၊ ဆန် ပဲ ၊ သွင်းကုန်ဆိုရင်အရင်လျှောက်ထားခဲ့တဲ့ သွင်းကုန်အမယ်အားလုံးပါပဲ။”

အခု တလခွဲနီးပါးလောက်ကြာတဲ့အခါမှာ ဒီဆောင်ရွက်ချက်ရဲ့ အကျိုးသက်ရောက်မှုက ဘယ်လောက်ထိအောင် တိုးတက်လာလဲ။

“ပွင့်ပွင့်လင်းလင်းပြောရရင် လိုင်စင်ကတော့ အရင်ကထက်တော့ပိုမြန်သွားတာပေ့ါ။ အရင်ကဆိုရင် ကုန်သွယ်ရေးကောင်စီက တပတ်မှာတခါလုပ်တော့ ကျနော်တို့က အဲဒီကောင်စီကိုတင်ပြီး အတည်ပြုချက်ရပြီးတော့မှ ထုတ်ပေးရတော့ အနည်းဆုံးတော့ ၇ ရက် ကြာတာပေ့ါ။ အခုကျတော့ကျနော်တို့ရဲ့၊ ဌာနအစီအစဉ်နဲ့ပဲ ဒီမှာရှိတဲ့အကြီးအကဲတွေနဲ့ စုစည်းဆုံးဖြတ်ပြီးတော့ လုပ်တာ ဖြစ်တဲ့အတွက် အများဆုံးကြာရင် နှစ်ရက် သုံးရက်ပဲခင်ဗျ”။

သွင်းကုန် ထုတ်ကုန်နဲ့ပတ်သက်ပြီး လုပ်တဲ့လူတွေကို မေးကြည့်ပါတယ်။ မြန်လာပါတယ် ပြောပါတယ်။

“ဟုတ်ပါတယ်၊ အရင်တုန်းက တပတ်မှာတခါပဲ ပေးတာကနေ အခု နှစ်ရက်သုံးရက်မှာ တခါဆိုတော့ တပတ်ကို နှစ်ခါ သုံးခါလောက်ဖြစ်သွားတာပေ့ါ။ အရင်ထက်တော့ နှစ်ဆသုံးဆမြန်လာတဲ့သဘောပါ။။ သွင်းကုန်ထုတ်ကုန်လုပ်နေတဲ့သူတွေကို မေးကြည့်တော့ သူတို့က မြန်လာတဲ့အတွက် ကြိုဆိုတယ်။ သို့ပေမယ့် သူတို့မှာ စိုးရိမ်စိတ်ကလေး နည်းနည်းရှိတယ်ဗျာ။ အဲဒါဘာလဲဆိုတော့ သတ်သတ်မှတ်မှတ် စည်းမျဉ်းစည်းကမ်းအနေနဲ့ သူတို့မသိရ သေးဘူး။ အစိုးရသစ်လက်ထက် မကြာမီမှာ ကုန်သွယ်ရေးကောင်စီ ပုံစံမျိုး တခုခု အစားထိုးပေါ်လာနိုင်တယ်လို့ စိုးရိမ်မှုတွေ ရှိတယ်”။

ဒါနဲ့ပတ်သက်လို့ ကုန်သည်တွေကို ဘာများပြောချင်လဲ။

“အခုလက်ရှိတက်လာတဲ့ အစိုးရကလည်း နေရာတိုင်းမှာ မြန်မြန်ဆန်ဆန်လျင်လျင်မြန်မြန်လုပ်ပေးမယ်ဆိုတာ ပြည်သူကို ကြေညာထားပြီးသားလေ။ အခု လက်ရှိသွားနေတာကလည်း အရင်ကထက်ပိုမြန်လာတာပေ့ါ။ ကျနော်သုံးသပ်တာကတော့ ဒီထက်ပိုမြန်အောင် ဘယ်လိုလုပ်ပေးရမလဲဆိုတာပဲ စဉ်း စားလိမ့်မယ်ထင်တယ်။ ဒီထက် ပိုကြာသွားအောင်တော့ လုပ်ပေးနိုင်စရာတော့ မမြင်ပါဘူးဗျ။ ကျနော်တို့က အာဆီယံမှာဆိုရင်လည်း နောက်ပိုင်းကျရင် automatic လိုင်စင်ပုံစံမျိုးသွားရတော့မှာလေ။ ကြိုပြီးပြင်ရတော့မှာ။ အဲတော့ ကြိုပြင်ရမှာဆိုတော့ ဒီထက်မြန်အောင်ပဲ ကျနော်တို့က စဉ်းစားရတော့မှာ။ ဒီထက်ကြာတဲ့ နည်းလမ်းကတော့ စဉ်းစားစရာအကြောင်းမရှိတော့ဘူး”။

ဒါဆိုရင် one stop service (တနေရာတည်း ဝန်ဆောင်မှုပေးတဲ့) ပုံစံမျိုးပေ့ါ။

“မှန်တယ်၊ တခုတော့ရှိတာပေ့ါ။ ဒီပစ္စည်းတွေကတော့ ခင်ဗျားတို့လွတ်လွတ်လပ်လပ်တင်ပို့တင်သွင်းခွင့်ပြုမယ်။ ဒီပစ္စည်းတွေကတော့ နိုင်ငံတော်အတွက် အရေးကြီးတဲ့အတွက် ဒါကတော့ ဘာပဲပြောပြော sensitive listပေ့ါ။ ဒီပစ္စည်းဆိုရင် လုံးဝတင်သွင်းခွင့်မပြုတဲ့ပစ္စည်း။ဒါမျိုးတွေတော့ ကျနော်တို့ကို ပြည်သူတွေကို ကြိုကြေညာပေးရမှာပေ့ါ။ နိုင်ငံတော် sensitive ဖြစ်တဲ့ပစ္စည်းဆိုရင်တော့ တရက်ကြာရင်ကြာမယ်၊ နှစ်ရက်ကြာရင်ကြာမယ်။ ဒါပေမယ့် ရိုးရိုးသားသား ချက်ချင်းသွင်းလို့ရတဲ့ ပစ္စည်းဆိုရင်တော့ လိုင်စင်လာလျှောက်တာနဲ့ တခါတည်း ကျနော်တို့ စိစစ်ပြီးတော့ လိုင်စင်ထုတ်ပေးလိုက်တဲ့ စနစ်ပေ့ါ။ အမှန်မှာတော့ အဲစနစ်ကို ကျနော်တို့က သွားဖို့ပြင်နေရပြီဗျ။ ကျနော်တိုလုပ်ရမှာက နောက်ဆုံး ၂၀၁၈ ပေ့ါ။ အခုကတည်းက ကျနော်တို့ ကြိုပြင်မှရမှာ”။

အရင်တုန်းက စနစ်နဲ့ အခုစနစ်က အပြောင်းအလဲမှာ တော်တော်လေးကို ပြင်ထားတာမြင်ရလား။

“လက်ရှိကတော့ အရင်ထက်ပိုပြီးတော့ မြန်ဆန်သွက်လက်လာတာပေ့ါ။ အစိုးရသစ်ကလည်း အခုမှ သူကာလကလည်း တလကျော်လောက်ပဲရှိသေးတာ။ ဒီတလကျော်မှာတော့ အရင်ကထက် ပိုပြီးတော့ မြန်လာတာပေ့ါ။”

သက်ဆိုင်ရာ တာဝန်ရှိသူတွေကနေပြီးတော့ မီဒီယာတွေနဲ့ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း တတ်နိုင်သလောက် ဖြေဆိုဖို့ဆိုတာရော တာဝန်ပေးထားတယ်ထင်ပါတယ်။ အခုဆိုရင်တော်တော်များများဖြေလာတာတွေ့ရတယ်ဟုတ်ပါသလား။

“ဟုတ်ပါတယ်။ အခုကတော့မီဒီယာကိုလည်း လွတ်လပ်ခွင့် ပိုပေးလာပြီလေ။ ဘာပဲပြောပြော ကျနော်တိုက သတင်းအမှန်တွေကိုတော့ ဖြေလို့ရပါတယ်၊ ပြောပေးလို့ရတယ်ပြဿနာမရှိဘူး။ တခုပဲ ပြောချင်တာက တကယ်ဖော်ပြတဲ့အခါကျတော့ ကျနော်တို့ဖြေသလို မှန်မှန်ကန်ကန်ဖော်ပြပေး ရင်တော့ပိုကောင်းတာပေ့ါ။ မဟုတ်ရင် ကျနော်တို့ ဖြေတာကတမျိုး၊ တကယ်ထွက်လာတာက အကြောင်းအရာတမျိုးဆိုရင် တခုခုသွားပြိုငြိမယ်ဆိုရင် ကျနော်တိုအနေနဲ့မကောင်းဘူး။”

# ကုလအထူးကိုယ်စားလှယ် မစ္စတာနံဗီးယား နေပြည်တော်ရောက်ရှိ

**VOA ၊ ၆မေ ၁၁ ။** ။ မြန်မာအစိုးရသစ် တာဝန်ရှိသူတွေအပါအဝင် နိုင်ငံရေးပါတီတွေနဲ့ပါ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ဆောင်သွားဖို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် Mr. Vijay Nambiar ဟာ အစိုးရရုံးစိုက်ရာ နေပြည်တော်မှာ ဒီကနေ့ရောက်နေပါတယ်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် ဗီဂျေး နမ်ဘီးယား ၃ ရက်ကြာခရီးစဉ်အဖြစ် မြန်မာနိုင်ငံကို ရောက်လာပြီး အစိုးရရုံးစိုက်ရာနေပြည်တော်ကို ရောက်နေတာဖြစ်ပါတယ်။ အခု ခရီးစဉ်အတွင်း နေပြည်တော်နဲ့ရန်ကုန်မြို့တွေကို သွားရောက်ပြီး အစိုးရတာဝန်ရှိသူတွေသာမက တိုင်းပြည်တွင်းက တခြား သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ပါ တွေ့ဆုံဖို့ရှိတဲ့အကြောင်း အင်္ဂါနေ့တုန်းက ကုလသမဂ္ဂရုံးချုပ်ရှိရာ နယူးယောက်မြို့က သတင်းစာရှင်းလင်းပွဲအတွင်း အတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရသူက ပြောဆိုထားတာမို့ နေပြည်တော်မှာ အစိုးရသစ်ရဲ့ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဖြစ်မယ်လို့လည်း မျှော်လင့်ထားကြတာပါ။

မြန်မာအစိုးရရဲ့ဖိတ်ကြားချက်နဲ့ သွားရောက်တဲ့ခရီးစဉ် ဖြစ်တဲ့အကြောင်းကိုတော့ အတွင်းရေးမှူးချုပ် Ban Ki-moon ရဲ့ လက်ထောက် ပြောခွင့်ရသူ Farhan Haq က သတင်းစာ ရှင်းလင်းပွဲအတွင်း ပြောဆိုခဲ့တာဖြစ်ပါတယ်။

"အတွင်းရေးမှူးချုပ်ရုံးက အပ်နှင်းထားတဲ့ တာဝန်တွေကို အကောင်အထည်ဖော်ရာမှာ အထူးအကြံပေးပုဂ္ဂိုလ်အနေနဲ့ အသစ်ဖွဲ့စည်းလိုက်တဲ့ မြန်မာအစိုးရ လူမှုအဖွဲ့အစည်းတွေနဲ့ သာမက တခြား သက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့လည်း နေပြည်တော်နဲ့ ရန်ကုန်မြို့တွေမှာ တွေ့ဆုံသွားမှာပါ။"

မြန်မာနိုင်ငံမှာ အစိုးရသစ် ဖွဲ့စည်းပြီးတဲ့နောက် ပထမဆုံးအကြိမ် ကုလသမဂ္ဂရဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တဦးအဖြစ်နဲ့ ရောက်ရှိလာတာဖြစ်ပါတယ်။ မြန်မာအစိုးရက နိုင်ငံရေး အပြောင်းအလဲတွေကိုဦးတည်တဲ့လုပ်ငန်းစဉ်အဖြစ် ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလမှာပဲ ရွေးကောက်ပွဲတွေကျင်းပပြီး ဒီနှစ်ဆန်းပိုင်းမှာ အစိုးရသစ်တရပ်ကို ဖွဲ့စည်းလိုက်တာပါ။ ဒါပေမဲ့လည်း စစ်တပ်က ကျောထောက်နောက်ခံပေးထားတဲ့ နိုင်ငံရေးပါတီကသာ အများစု အနိုင်ရခဲ့တဲ့ ရွေးကောက်ပွဲတွေဟာ လွတ်လပ်မျှတတဲ့အခြေအနေမှာ မရှိဘူးဆိုပြီး ဝေဖန်မှုတွေလည်း ရှိခဲ့တာဖြစ်ပါတယ်။

ရွေးကောက်ပွဲကျင်းပမယ့်အခြေအနေတွေအပေါ် ကန့်ကွက်တဲ့အနေနဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီကလည်း ပါဝင်ယှဉ်ပြိုင်တာတွေ မလုပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။

ရွေးကောက်ပွဲနောက်ပိုင်း အစိုးရသစ်တရပ် ပေါ်ပေါက်လာပေမဲ့ ဒီလိုမပြေလည်နိုင်သေးတဲ့ နိုင်ငံရေးကိစ္စတွေကို ဖြေရှင်းသွားနိုင်ဖို့ ကုလသမဂ္ဂကကြိုးပမ်းနေရာမှာ အခု အထူးကိုယ်စားလှယ် ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည် NLD ပါတီ တာဝန်ရှိသူတွေနဲ့ပါ တွေ့ဆုံသွားမှာဖြစ်တယ်လို့ အတွင်းရေးမှူးချုပ်ရဲ့ ပြောခွင့်ရသူ ဖာဟန် ဟပ်ခ်က ပြောပါတယ်။

"သက်ဆိုင်သူပုဂ္ဂိုလ် အများအပြားပါဝင်ကြမှာပါ။ သူ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ရော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ပါ တွေ့ဆုံဖို့ မျှော်လင့်ထားတယ်ဆိုတာ ကျနော်သိထားပါတယ်။"

နိုင်ငံရေး၊ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်မှု မရှိဘူးဆိုပြီး အရေးယူဒဏ်ခတ်မှုတွေချမှတ်ထားတဲ့ အမေရိကန် ပြည်ထောင်စုကတော့ အထူးကိုယ်စားလှယ်ရဲ့ ဒုတိယအကြိမ် မြန်မာနိုင်ငံ ခရီးစဉ်အပေါ် သတိနဲ့ကြိုဆိုခဲ့တာပါ။

မြန်မာအစိုးရဘက်က ဒီမိုကရေစီရေးဦးတည်တဲ့ လုပ်ရပ်တွေ မမြင်ရသေးတဲ့အတွက် သံသယတွေရှိနေဆဲဖြစ်ပေမဲ့လည်း ထိတွေ့ဆက်ဆံမှုတွေ ပြုပြင်ပြောင်းလဲရေးတွေ တိုးမြှင့်သွားမယ့် အတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေး နမ်ဘီးယားရဲ့ ခရီးစဉ်ကို ကြိုဆိုပါတယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနပြောခွင့်ရသူ Mark Toner က ပြောဆိုခဲ့တာဖြစ်ပါတယ်။

အမေရိကန်အစိုးရအနေနဲ့လည်း အရေးယူဒဏ်ခတ်မှုတွေနဲ့ ထိတွေ့ဆက်ဆံမှုတွေလို ၂ လမ်းသွား ချဉ်းကပ်တဲ့မူဝါဒတွေကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်တယ်လို့လည်း ပြောခွင့်ရသူက အင်္ဂါနေ့ သတင်းစာရှင်းလင်းပွဲအတွင်း ပြောဆိုခဲ့တာဖြစ်ပါတယ်။

---

**မျက်နှာဖုံးမှ**

စေပါတယ်လို့ ၂၀၀၅ ခုနှစ် မေလ စစ်ကြောရေးစခန်းမှာ သေ ဆုံးသွားတဲ့ နိုင်ငံရေးအကျဉ်းသားကိုအောင်လှိုင်ဝင်းရဲ့ဇနီး မနှင်းစန္ဒာက ပြောပါတယ်။

"အခု နိုင်ငံရေးအကျဉ်းကျနေတဲ့လူတွေကလည်း သူ ခိုးမှု ဓားပြမှုနဲ့ကျတာမဟုတ်ဘူးလေ။ ကလေးတွေလည်း ကျမ ဆုံးမပါတယ်။ ဒါ စိတ်ဓာတ်မကျနဲ့ ကိုယ့်အဖေတွေ ကိုယ့်ဦးလေးတွေ ကိုယ့်အဖိုးတွေက နိုင်ငံရေးလုပ်ရင်းနဲ့ အကုန်လုံးလွတ်မြောက်ဖို့အတွက်ကြိုးစားရင်းနဲ့ ဒီလိုမျိုးထောင်ကျတာ ဘာမှစိတ်ဓာတ်မကျနဲ့။ ကျမတို့က အမြဲတမ်း စိတ်ဓာတ်အားအင်မြင့်မားနေမှာပါ။ ကလေးကိုလည်း အမြဲတမ်း သွန်သင်ဆုံးမနေမှာပါ။"

၂၀၀၅ ခုနှစ် မေလက စစ်ကြောရေးစခန်းမှာသေဆုံးသွားတဲ့ ကိုအောင်လှိုင်ဝင်းရဲ့ ဇနီး မနှင်းစန္ဒာပြောပြခဲ့တာဖြစ်ပါတယ်။ ကျန်ရစ်ခဲ့တဲ့ ကိုအောင်လှိုင်ဝင်းသမီးဟာ ဒီနှစ်ဆို ၄ တန်းရှိနေပြီး NLD ပါတီရဲ့ ပညာရေးထောက်ပံ့စရိတ်ရတာ ၄ နှစ်ဆက်တိုက်ရှိပြီလို့လည်း ပြောပါတယ်။

နိုင်ငံရေးကြောင့် အဖမ်းခံရတယ်ဆိုရင် NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဥပဒေဆိုင်ရာကူညီမှုတွေကို ပြုလုပ်ပေးနေပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းဖွံ့ဖြိုးဖို့အတွက်တရားဥပဒေစိုးမိုးရေးဟာ အဓိကကျတာမို့ ဥပဒေနဲ့အညီ ခုခံပိုင်ခွင့်ရှိတယ်ဆိုတဲ့အချက်ပေါ်ကို အခြေခံထားပြီး ဥပဒေရေးရာကိစ္စတွေကို ဆောင်ရွက်ပေးနေတာ ဖြစ်တယ်လို့လည်း NLD ပါတီကပြောပါတယ်။

အကျဉ်းထောင်တွေအတွင်းမှာ အကျဉ်းချခံထားရတဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက် ကျန်းမာရေးဆိုင်ရာကူညီ စောင့်ရှောက်မှုတွေပေးနေသလို အခု အပြင်မှာရှိနေတဲ့ သူတို့ရဲ့ သားသမီးတွေအတွက် ပညာရေးဆိုင်ရာကူညီမှု စတဲ့ အချက် ၃ ချက်ကို အဓိကထားပြီး နိုင်ငံရေးအကျဉ်းသားတွေအတွက် NLD ပါတီက ကူညီဆောင်ရွက်ပေးနေတယ်လို့ပြောပါတယ်။

# ရောဝတီတိုင်းတွင်း အင်းလုပ်ပိုင်ခွင့် ဒေသခံလယ်သမားများ အထူးနစ်နာ

**RFA ၊ ၆မေ ၁၁ ။** ။ ရောဝတီတိုင်းအတွင်း အင်းလုပ်ပိုင်ခွင့်များ ရောင်းချရာမှာ တကယ် အင်းလုပ်ငန်းလုပ်ကိုင်သူများက တိုက်ရိုက် မရရှိဘဲ တဆင့်ပြန်ဝယ်ယူနေရတဲ့အတွက် ဒေသခံလယ်သမားတွေ အတော့်ကိုနစ်နာနေကြရတယ်လို့ သိရပါတယ်။

ဟသ်ာတခရိုင်က HRDP လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ ကိုကျော်လွင်က တရားဝင် အခွန်ငွေဆယ်သိန်းပေးရတဲ့ အင်းတခု အတွက် အဆင့်ဆင့်အမြတ်ယူပုံကို RFA ကို ခုလိုရှင်းပြပါတယ်။

"ဒီအင်းကိုပိုင်ဆိုင်ဖို့ရာက နိုင်ငံတော်ကို ၁၀ သိန်းလောက်သွင်းရမယ်။ ရုံးမှာရှိတဲ့သူတွေကို ၁၅ သိန်းလောက်ပေးရမယ်။ ကျန်တဲ့ ဟာကျတော့ ဂရံပိုင်ရှင်ကို သူတို့ အဲဒီလိုအင်းမျိုးဆိုရင် အမြတ်သက်သက် သိန်း ၆၀ - ၇၀ လောက်ပေးပြီးတော့မှ လုပ်ပိုင်ခွင့်ရကြတယ်။

ပြီးတော့မှ သူတို့မဆိုင်တဲ့ တောင်းပိုင်ခွင့်မရှိတဲ့ ဥပဒေတွေကို ချိုးဖောက်ပြီးတော့ လယ်သမားတွေကိုလိုက်ပြီးတော့ ပိုက်ဆံတောင်းတာပေါ့။ သွားပြီးတော့တိုင်လို့ရှိရင် တရားဥပဒေအရ မကျူးလွန်ဘဲနဲ့ ကျူးလွန်တယ်ဆိုပြီးတော့ လယ်သမားတွေ အရေးယူခံရတယ်။"

ကျုံပျော်မြို့နယ်က လယ်သမားကြီးတဦးကလည်း မိမိလယ်မြေမှာဖြစ်ပေါ်တဲ့ရေပြင်ကနေ ကိုယ့်ဝမ်းစာအတွက်တောင် ငါးဖမ်းခွင့်မရှိဘူးလို့လည်း အာအက်ဖ်ေအကိုပြောပါတယ်။

အခုလိုမိုးရာသီမှာ လယ်မြေများအပေါ်ရေတင်ပြီးဖြစ် ပေါ်တဲ့ လယ်ကြားအင်းခေါ် ယာယီအင်းများကို လုပ်ပိုင်ခွင့်ရရှိသူများက မိတို့အရင်းကြေအောင် လယ်သမားတွေအပေါ် မတရားငွေကောက်ခံနေတာကို သက်ဆိုင်ရာကိုတိုင်ကြားပေမဲ့ ထိထိရောက်ရောက် အရေးမယူဘူးလို့ သိရပါတယ်။

အာဏာပိုင်တွေကိုယ်တိုင်က ကိုယ်တိုင်ရေလုပ်ငန်းမလုပ်ဘဲ အင်းဂရန်တွေလုပ်စားဖို့ အထက်ကရရှိနေလို့ ခုလို နှုတ်ဆိပ်နေခြင်း ဖြစ်တယ်လို့ ကိုကျော်လွင်ကပြောပါတယ်။

"သူတို့ကလဲ ငြိမ်နေတယ်ဆိုတာက သူတို့ ကိုယ်တိုင်က အင်းဂရံ အပိုင်စားတွေရတယ်လေ။ သူတို့ကိုယ်တိုင်က သိန်း ၃၀ တို့ သိန်း ၄၀ တို့နဲ့ အမြတ်တင် ရောင်းစားတဲ့သူတွေဖြစ်နေတဲ့အတွက် ဒီရေလုပ်ငန်း ဝန်ကြီးဌာနက ဝန်ကြီးဆီကနေဘဲ တိုက်ရိုက်ခွဲတန်းချပြီးတော့ ဒီအင်းတွေကိုလုပ်စားဆိုပြီး ခွဲတန်းချပေးလိုက်တာ။"

မြန်မာပြည်တဝှမ်း ရောဝတီတိုင်း ၊ပဲခူးတိုင်းနဲ့စစ်ကိုင်းတိုင်း တို့မှာ အင်းဂရံပေါင်း ခုနစ်သောင်းခန့်ရှိရာမှာ အများစုမှာ အခုလို အဂတိလိုက်စားမှုတွေရှိတယ်လို့ မကြာခဏကြားသိရပါတယ်။

# ကော့ကရိတ်တိုက်ပွဲ မြို့ထဲ လက်နက်ကြီးများကျ

**DVB ၊ ၆မေ ၁၁ ။** ။ ကရင်ပြည်နယ် ကော့ကရိတ်မြို့မှာအစိုးရတပ်နဲ့ ကရင်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအကြားဒီကနေ့မနက်ကတိုက်ပွဲဖြစ်ပွားရာ လက်နက်ကြီးကျည်တွေ မြို့ပေါ်ကျရောက်ပေါက်ကွဲခဲ့ပြီးရပ်ကွက် သုံးခုကလူနေအိမ်ခြေတချို့ပျက်စီးဆုံးရှုံးခဲ့ပါတယ်။

ဒီကေဘီအေနဲ့ ကေအန်အယ်လ်အေ ပူးပေါင်းတပ်တွေက ကော့ကရိတ်မြို့ပြင်နားမှာ အခြေစိုက်တဲ့ ခမရ ၂၃၀ ကို တိုက်ခိုက်ရာကနေ အပြန်အလှန်ပစ်ခတ်မှုတွေဖြစ်ပွားခဲ့တယ်လို့ မြို့ခံတဦးက ပြောပါတယ်။

"၅ နာရီခွဲကနေ ၆ နာရီခွဲလောက်အကြားပေါ့ ဘယ်သူ ပစ်လဲတော့ မသိဘူးမြို့ထဲကို ၃–၄ လုံးကျတယ်။ ကျနော်တို့ ဝင်းကြီးရပ်ကွက်ရယ်၊ တံတားဦးရပ်ကွက်ရယ်၊ အောက်ရွာဘက်ရယ် ကျတယ်။ ပစ်တာက နေရာတွေက နည်းနည်းများနေတော့ ဘယ်သူမှန်းလဲ မသိဘူး အဲဒီလိုဖြစ်နေတာ"။

ဝင်းကြီးရပ်ကွက်တွင်းမှာရှိတဲ့ ကော့ကရိတ်မြို့နယ်ဆေးရုံရဲ့ သံဃာဆောင် ပျက်စီးသွားတယ်လို့ ကြားသိရပေမယ့် ထိခိုက်သေဆုံးမှု ရှိမရှိမသိရဘူးလို့ အဲဒီမြို့ခံက ပြောပါတယ်။ ကေအန်အယ်လ်အေ တပ်ရင်း၁၀၁ ရဲ့ တပ်ရင်းမှူးဗိုလ်မှူးကြီးဖောဒိုက ဒီမနက် နေရာသုံးလေးခုမှာ ဖြစ်ပွားခဲ့တဲ့တိုက်ပွဲတွေအတွင်း ခမရ ၂၃၀ တပ်ရင်းမှူးကျဆုံးသွားတယ်လို့ ကြားသိရပေမယ့် တခြားထိခိုက်သေဆုံးမှုအသေးစိတ်ကို မသိရသေးဘူးလို့ပြောပါတယ်။ အခုလ ၈ ရက်နေ့ကလည်း ကော့ကရိတ်မြို့နယ် ဝေါ်လေဒေသ ဖောမူ့ ဘောထော့ရွာမှာ KNLA တပ်ရင်း၂၀၁ နဲ့အစိုးရ ခမရတပ်ရင်း ၃၇၂ တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာစစ်တပ်ဘက်က တပ်ဖွဲ့ဝင် ၆ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

ဧပြီလကုန်ပိုင်းကစပြီး ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံဒေသတွင်း ဒီကေဘီအေ ကေအန်ယူ ပူးပေါင်းတပ်နဲ့ မြန်မာတပ်တိုအကြားရက်သတ္တ ၁ ပတ်ကြာတိုက်ပွဲမှာ ဒီကေဘီအေတပ်ဘက်က ၂ ဦးကျဆုံးခဲ့ပြီးဒေသခံ ရွာသားတချို့လည်း ထိခိုက်သေဆုံးခဲ့ပါတယ်။ အဲဒီတိုက်ပွဲကြောင့် ကျိုက်ဒုံရွာသား ၁၀၀၀ ကျော် ထိုင်းဘက်ခြမ်း အုန်းဖန်မြို့နယ်ကို ထွက်ပြေးခဲ့ပါတယ်။

# နော်ဝေနိုင်ငံမြန်မာ့လူ့အခွင့်အရေးအခြေအနေဆွေးနွေး

**RFA ၊ ၆မေ ၉ ။** ။ နော်ဝေးနိုင်ငံ အော်စလိုမြို့မှာ မေလ ၉ ရက်ဒီကနေ့ စတင်ကျင်းပနေတဲ့ Freedom Forum နိုင်ငံတကာလွတ်မြောက်ရေးညီလာခံမှာ မြန်မာနိုင်ငံလူ့အခွင့်အရေးချိုးဖောက်မှုတွေ အကြောင်းဆွေးနွေးနေပါတယ်။

အဲဒီညီလာခံကို Burma Campaign UK အဖွဲ့က မဇိုရာဖန်းလည်းတက်ရောက်ပြီး မြန်မာနိုင်ငံကအခြေအနေတွေကို တင်ပြခဲ့ပါတယ်။

"ဟုတ်ကဲ့၊ အဓိက ကတော့ ဒီ အော်စလို Freedom Forum က နိုင်ငံအသီးသီးမှာဖြစ်ပျက်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပေါ့နော်၊ အဲဒါ ဒီ ဖိုရမ်ကနေတဆင့် ကမ္ဘာကို သူတို့တင်ပြချင်တယ်။ အဲဒါကြောင့် မြန်မာပြည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ အင်မတန်ကိုဆိုးဝါးနေတဲ့အကြောင်းကို ဖော်ပြတဲ့အတွက်ပေါ့နော်၊ ဒီ Freedom Forum က မြန်မာပြည်အကြောင်းကို ထည့်ထားတာဖြစ်ပါတယ်။"

"အဓိက ကျွန်မပြောနေတာကတော့ပေါ့နော်၊ အခု လက်ရှိမြန်မာပြည်အခြေအနေက လုံးဝ ဆိုးဝါးနေပါတယ်။ ပြောင်းလဲမှုတွေ မရှိသေးဘူးပေါ့နော်။ အဲဒါကြောင့် နိုင်ငံတကာရဲ့ဖိအားပေးမှုတွေလည်းပိုပြီးတော့လိုအပ်နေသေးတယ်လို့ ကျွန်မ အဓိက ပြောတာဖြစ်ပါတယ်။"

Burma Campaign UK အဖွဲ့က မဇိုရာဖန်း ပြောသွားတာဖြစ်ပါတယ်။ ဒီညီလာခံကို နိုဘယ်လ်ငြိမ်းချမ်းဆုရှင်တွေ နစ်စဉ်တွေ့ဆုံတဲ့ သုံးနှစ်မြောက်အစည်းအဝေးနဲ့တိုက်ဆိုင်ပြီး ကျင်းပတာဖြစ်ကြောင်း သိရပါတယ်။

မြန်မာ့အရေးနဲ့ပတ်သက်လို့ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် တွေဖြစ်တဲ့ အီရန် တရားသူကြီးဟောင်း ရှီရင် အီဘာဒီနဲ့ မြေမြှုပ်မိုင်း ပပျောက်ရေး ဦးဆောင်လှုပ်ရှားနေသူ ဟောလီးဝုဒ် ရုပ်ရှင်သရုပ်ဆောင်မင်းသမီး ဂျိုဒီ ဝီလီယမ်စ်တို့လည်း ဦးဆောင်ဆွေးနွေးခဲ့ကြပါတယ်။

Freedom Forum လွတ်မြောက်ရေးညီလာခံကို နယူးယောက်အခြေစိုက် Human Rights Foundation က ဦးစီးပြီး နော်ဝေးနိုင်ငံက AI လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနဲ့အတူ လူ့အခွင့်အရေးလှုပ်ရှားတဲ့ အဖွဲ့အစည်းတွေပူးပေါင်းပါဝင်ကျင်းပခဲ့တာ ဖြစ်ပါတယ်။

# ကုလအကြံပေးပုဂ္ဂိုလ် မစ္စတာ နမ်ဘီးယားနဲ့ နိုင်ငံရေးပါတီများတွေ့ဖို့ရှိ

**VOA ၊ မေ ၁၁ ။** ။ အခုလက်ရှိ မြန်မာပြည်မှာရောက်နေတဲ့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအကြံပေးပုဂ္ဂိုလ် Vijay Nambiar ဟာ သူ့ရဲ့ခရီးစဉ်အတွင်းမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးပါတီတော်တော်များများနဲ့ တွေ့ဆုံဖို့ရှိပါတယ်။

ဒီလိုတွေ့ဆုံတဲ့အခါ ယေဘုယျအားဖြင့် လက်ရှိ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ လူ့အခွင့်အရေးအခြေအနေတွေအပြင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးကိစ္စကို နိုင်ငံရေးပါတီတွေဘက်က တင်ပြသွားဖို့ ပြင်ဆင်ထားကြတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေး နမ်ဘီးယားဟာ မေလ ၁၂ ရက် ကြာသပတေးနေ့မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ တွေ့ဆုံရမယ့်နေရာနဲ့အချိန်ကိုတော့ အတိအကျမသိရသေးပေမဲ့ ကြာသပတေးနေ့မှာတွေ့မယ်ဆိုတဲ့အကြောင်း NLD ရုံးကို အကြောင်းကြားထားတယ်လို့ ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောပါတယ်။

အဲဒီလို မစ္စတာနမ်ဘီးယားနဲ့တွေ့ဖြစ်တဲ့အခါမှာ NLD ပါတီအနေနဲ့ မြန်မာနိုင်ငံက လက်ရှိ နိုင်ငံရေးပြဿနာတွေကို တင်ပြဆွေးနွေးပြီး ရွေးကောက်ပွဲနောက်ပိုင်း တက်လာတဲ့ အစိုးရသစ်နဲ့ NLD ပါတီအကြား တွေ့ဆုံဆွေးနွေးနိုင်အောင် ကုလသမဂ္ဂအနေနဲ့ ကူညီဆောင်ရွက်ပေးဖို့အတွက် တင်ပြသွားဖို့ရှိတယ်လို့ ဦးအုန်းကြိုင်က အခုလိုပြောပြပါတယ်။

“ကျနော့်သဘောပြောရရင်တော့ မြန်မာနိုင်ငံမှာက စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်အောင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ငြိမ်းချမ်းစွာဖြစ်ပေါ်စေချင်တယ်။ ဒါကြောင့်မို့ ကျနော်တို့က အဆုံးအဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ အခုဆိုရင် သမ္မတဦးသိန်းစိန်နဲ့ ဒီဘက်က လူထုခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးပါလို့ ကျနော်တို့က အကြိမ်ပေါင်းများစွာတောင်းဆိုနေတယ်။ အခုထက်ထိ အထမမြောက်သေးဘူး။

“အခု ရွေးကောက်ခံအစိုးရကဖိတ်ကြားလို့ ရောက်လာတဲ့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ကြီးက အဲဒီတွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်အောင်များ ဆောင်ရွက်ပေးနိုင်မလားလို့ ကျနော်တို့ မျှော်လင့်တယ်။ အဲဒီအချက်ကို ကျနော်တို့ တင်ပြတောင်းဆိုမယ်။”

ဒါ့အပြင် မြန်မာနိုင်ငံတဝန်း တိုင်းရင်းသားဒေသတွေက တိုက်ပွဲတွေနဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေတွေအပြင် မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာပြေလည်စေဖို့အတွက် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးကိုလည်း ကူညီဆောင်ရွက်ပေးဖို့ မစ္စတာဗီဂျေး နမ်ဘီးယားကို တင်ပြသွားမယ်လို့လည်း ဦးအုန်းကြိုင်က အခုလို ဆက်ပြောပြပါတယ်။

“လူ့အခွင့်အရေးချိုးဖောက်မှုတွေက ပိုပြီးတော့များလာတယ်။ အထူးသဖြင့် ပိုစိုးရိမ်စရာကောင်းတာက နိုဝင်ဘာ ရွေးကောက်ပွဲအပြီး နယ်စပ်မှာဖြစ်နေတဲ့ တိုင်းရင်းသားတွေနဲ့ ပဋိပက္ခတွေဟာ ပို ပြီးတော့ ပြင်းထန်လာတဲ့သဘောဆောင်နေတယ်။ ဒါတွေဟာပိုပြီးတော့ကြီးမားတဲ့အန္တရာယ်တွေများ ဖြစ်လာလေမလားလို့ ပြည်သူလူထုကလည်း စိုးရိမ်နေတယ်။ အဲဒီကိစ္စတွေကို ငြိမ်းချမ်းစွာပြေလည်အောင် ဖြေရှင်းဖို့အတွက် တတ်နိုင်သလောက် အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးစေချင်တယ်။ ဒါက တချက်ပေါ့။

“နောက်တချက်ကတော့ ကျနော်တို့လည်း မျှော်လင့်နေကြတာပဲ၊ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်လာလေမလား၊ လွှတ်လာလေမလားနဲ့ လွှတ်တော်ကြီးပြီးလို့ တလကျော်သွားပြီပေါ့ဗျာ၊ နိုင်ငံရေးအကျဉ်းသားတွေက အခုထိ အရိပ်အယောင်တောင် မတွေ့ရသေးတော့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ရေး ဆိုတာဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အလွန် အခရာကျတဲ့ ပထမဦးဆုံးလုပ်ရမယ့်လုပ်ငန်းဖြစ်တယ်ဗျ။ အဲဒီလုပ်ငန်းကိုလည်း ကုလသမဂ္ဂ ကိုယ်စားလှယ်ကြီးအနေနဲ့ ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲဆိုတာလည်း ကြိုးပမ်းပေးပါလို့ ကျနော်တို့ဘက်က ပြောချင်ပါတယ်။”

NLD ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ပြောပြသွားတာ ဖြစ်ပါတယ်။

မစ္စတာနမ်ဘီးယားဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံတာ ဒါဟာ ဒုတိယအကြိမ်ဖြစ်ပြီး မနစ်က နိုဝင်ဘာလ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကနေ ပြန်လွတ်လာပြီးနောက်ပိုင်းမှာ ပထမအကြိမ်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

မစ္စတာနမ်ဘီးယား အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD ဗဟိုအလုပ်အမှုဆောင်တွေနဲ့တွေ့ဆုံပြီးရင် မေလ ၁၃ ရက် သောကြာနေ့မနက်မှာတော့ NDF အမျိုးသားဒီမိုကရေစီအင်အားစု၊ ဦးသုဝေရဲ့ ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုဒီမိုကရေစီပါတီကခေါင်း ဆောင်တွေ၊ တိုင်းရင်းသားပါတီ ၅ ခုက ခေါင်းဆောင်တွေပါဝင်တဲ့ ဒီမိုကရေစီမိတ်ဆွေများပါတီ ၁၁ ဖွဲ့နဲ့လည်း မစ္စတာနမ်ဘီးယားဟာ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP ရုံးမှာ တွေ့ဆုံဖို့ရှိပါတယ်။

အဲဒီလိုတွေ့ဆုံတဲ့အခါ NDF ပါတီအနေနဲ့ တိုင်းပြည်တွင်းက ပြည်သူတွေကြုံတွေ့နေရတဲ့ စီးပွားရေး လူမှုရေးပြဿနာတွေကို ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ထောက်ပံ့ကူညီ ဖြေရှင်းပေးသွားဖို့ကိစ္စတွေ တင်ပြသွားဖို့ရှိတယ်လို့ ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက အခုလိုပြောပြပါတယ်။

“အဓိကတော့ တိုင်းပြည်မှာဖြစ်နေတဲ့ လူမှုရေးဒုက္ခတွေပေါ့ဗျာ၊ စီးပွားရေးချွတ်ခြုံကျတာတွေ၊ အဲဒါတွေကို ထောက်ပံ့ဖို့အတွက် ကုလသမဂ္ဂအစီအစဉ်အရလည်းကောင်း၊ တခြားသော နိုင်ငံတကာ အဖွဲ့အစည်းတွေကလည်းကောင်း၊ အကူအညီတွေကို ဒေသတွင်း နိုင်ငံတွေမှာရတဲ့နှုန်းထားတွေနဲ့ မနိမ့်ကျဘဲနဲ့ တိုးမြှင့်ပေးနိုင်အောင် ပြောရမယ့် အပိုင်းတွေရှိပါတယ်။ ပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ရေးနဲ့ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် ပေးဖို့အတွက်လည်း ကျနော်တို့ သူနဲ့ဆွေးနွေးဖို့အကြောင်းရှိမှာပါ။ နောက် စီးပွားရေး ပိတ်ဆို့မှုပေါ့၊ ဒါလည်း သူမေးလို့ရှိရင်ဖြေဖို့ရှိပါတယ်။”

NDF ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေ ပြောပြသွားတာ ဖြစ်ပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေး နမ်ဘီးယားဟာ မြန်မာနိုင်ငံမှာ အရပ်သားအစိုးရတက်လာပြီးနောက်ပိုင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံကိုရောက်လာတာဖြစ်ပါတယ်။

# ရန်ကုန်မြို့အတွင်း ကြွပ်ကြွပ်အိတ် မသုံးရဟု အမိန့်ထုတ်

**DVB ၊ မေ ၁၃ ။** ။ ရန်ကုန်နယ်နိမိတ်အတွင်း ကြွပ်ကြွပ်အိတ်တွေ မသုံးစွဲဖို့ သက်ဆိုင်ရာ တားမြစ်လိုက်တာကြောင့် ရန်ကုန်မှာ ကြွပ်ကြွပ်အိတ်စက်ရုံတွေ ပိတ်ကုန်သလို လက်ကျန် ကြွပ်ကြွပ်အိတ်တွေကို နယ်တွေကိုပြောင်းလဲပို့ဆောင် နေကြ ပါတယ်။

ရန်ကုန်မြို့ပေါ်မှာ ကြွပ်ကြွပ်အိတ်တွေကို အခုလ ၁၄ ရက်နေ့ကစပြီး သက်ဆိုင်ရာ စည်ပင်သာယာအုပ်ချုပ်ရေးမှူးကို အပ်ဖို့ သတင်းစာတွေမှာ ပါလာပြီးကတည်းက ရန်ကုန်မြို့မှာ ကြွပ်ကြွပ်အိတ်တွေကို နယ်တွေဆီ ပို့ဆောင်နေတာပါ။ ဒီလိုရပ်နားလိုက်တာဟာ မြို့အင်္ဂါနဲ့အညီ သန့်ရှင်းလှပရေးနဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းနိုင်ရေးအတွက် ဖြစ်တယ်လို့ သတင်းစာက ရေးပါတယ်။ ရန်ကုန်မြို့က ကြွပ်ကြွပ်အိတ်စက်ရုံတွေကတော့ ထုတ်လုပ်မှုမရှိတော့ဘဲ ရပ်နားလိုက်ကြတယ်လို့ ကြွပ်ကြွပ်အိတ်ထုတ်လုပ်တဲ့ ပလတ်စတစ်စက်ရုံတရုံက ပြောပါတယ်။

"အခုကတော့ စက်ရုံက ပိတ်ထားတယ်၊ ကြွပ်ကြွပ်အိတ်တွေက မရောင်းရဘူးဆိုတော့လေ စည်ပင်သာယာက ပြောထားတော့လေ၊ လက်ကျန်တွေကို နယ်တွေကိုပဲပို့တယ်၊ ကြွပ်ကြွပ်အိတ်ကတော့ လုံးဝမလည်တော့ဘူး။ ၄ လပိုင်း ၂၁ ရက်နေ့ကတည်းက ရပ်ထားတာ။ အပျော့အိပ်တွေ ထုတ်ခွင့်ရှိတယ်၊ အဲဒါတွေထုတ်နေတာ။ နယ်တွေကတော့ လက်ခံလို့ရသေးတယ်။"

ပြီးခဲ့တဲ့မေလကုန်မှာ ရန်ကုန်မြို့စည်ပင်သာယာက ပလတ်စတစ်အိတ်လုပ်ငန်းရှင်တွေကို ကြွပ်ကြွပ်အိတ်ထုတ်လုပ်မှုရပ်နားဖို့ ပြောဆိုခဲ့တယ်လို့ လုပ်ငန်းရှင်တဦးက ဆိုပါတယ်။

"သူတို့သတ်မှတ်လိုက်တာ ဧပြီ ၂၁ ရက်မှာ၊ ကျနော်တို့ကို ၂၂ ရက်နေ့မှာ မထုတ်ဖို့ပြောတယ်။ ပြောပြီးတော့ မြို့တော်ခန်းမမှာ ဗဟိုကော်မတီဝင်က အိတ်အပျော့တွေ အစားထိုးထုတ်ဖို့ ခေါ်ပြောတယ်။ အိတ်ပျော့လုပ်ဆို ကျနော်တို့အိတ်ပျော့လုပ်တာပဲဗျ။ အဲဒီဟာကဖြစ်လာလိမ့်မယ်လို မှန်းထားတော့ နဂိုကတည်းက အဲဒါတွေက လေ့လာထားပြီးသားလေ။ အလုပ်သမားတွေတော့ နည်းနည်းသင်တန်း ပြန်လုပ်ရတာပေါ့"

တပ်မတော် အစိုးရလက်ထက်တုန်းက မန္တလေးမြို့နဲ့ နေပြည်တော် ဒေသမှာ အမိန့်ထုတ်ပြီး ကြွပ်ကြွပ်အိတ်မသုံးဖို့တားမြစ်ခဲ့သလို ဒီမိုကရေစီ နာမည်ခံတဲ့ အစိုးရလက်ထက်မှာလည်း ဌာနဆိုင်ရာတခုကနေ အများပြည်သူနဲ့ သက်ဆိုင်တဲ့ကိစ္စတခုကို ခေါ်ယူအမိန့်ပေး ရပ်နားလိုက်တာ ဖြစ်ပါတယ်။ ပလတ်စတစ်အကြည်ဈေးဟာ ကြွပ်ကြွပ်အိတ်နဲ့ယှဉ်ရင် ကုန်ကြမ်းဈေးမြင့်ပြီး နှစ်ဆလောက်ဈေးကြီးပါတယ်။ အခုတားမြစ်ချက်ကြောင့် ကြွပ်ကြွပ်အိတ်လုပ်ငန်းရှင်တွေဟာ အိတ်ပျော့တွေ ပြောင်းလုပ်နေကြပြီး စက်ရုံတချို့တဝက် လည်ပတ်နေပါပြီလို့ ပလတ်စတစ်လုပ်ငန်းရှင်တွေက ပြောပါတယ်။ ရန်ကုန်မှာ ကြွပ်ကြွပ်အိတ် တရားဝင်လုပ်တာ စက်ရုံ ၇၀ ခန့်ရှိပြီး တပိုင်တနိုင် တရားမဝင်လုပ်တာလည်း လေးဆယ်လောက် ရှိနိုင်တယ်လို့ လုပ်ငန်းရှင်တွေက ခန့်မှန်းပြောဆိုပါတယ်။

ဒီလ ၁၄ ရက်နေ့မှာ ကြွပ်ကြွပ်အိတ်တွေ အပ်နှံရမယ်၊ လက်ဝယ်ထားရှိခွင့်မပြုတော့ဘူးလို့သာ နှိုးဆော်ထားပြီး မလိုက်နာရင် ဘာဥပဒေနဲ့ အရေးယူဆောင်ရွက်မယ်၊ နယ်မြို့တွေမှာရော ထုတ်ခွင့်ရှိသလား၊ သုံးစွဲခွင့်ရှိ သလား စသဖြင့် မေး မြန်းဖို့ ရန်ကုန်မြို့ စည်ပင်သာယာကို ဆက်သွယ်ပေမယ့် တာဝန်ခံဖြေဆိုသူနဲ့ မေးခွင့်မရပါဘူး။ မန္တလေးမြို့နဲ့ နေပြည်တော်မှာလည်း ကြွပ်ကြွပ်အိတ်သုံးခွင့် ပိတ်ပင်ထားပါတယ်။ လွန်ခဲ့တဲ့နှစ်ပိုင်းတွေကတည်းက ကြွပ်ကြွပ်အိတ်စက်ရုံတွေကို ရပ်နားခိုင်းခဲ့တာဖြစ်ပေမယ့် လုပ်ငန်းရှင်တွေဘက်က ပြန်လည်တင်ပြချက်တွေကြောင့် အချိန်ယူခဲ့ပါတယ်။ ပြန်လည်ခာတ်ပြုဖို့ ခက်ခဲတဲ့ ကြွပ်ကြွပ်အိတ်ပြဿနာဟာ ခေတ်မီတိုးတက်တဲ့ နိုင်ငံတွေမှာလည်း ကြီးမားနေဆဲဖြစ်ပါတယ်။

# ကရင်ပြည်နယ် ငြိမ်းချမ်းရေးကော်မတီ လူထုအရေးအတွက်လုပ်ငန်းစတင်

**RFA ၊ မေ ၁၅ ။** ။ ကရင်ပြည်နယ်အတွင်း အပစ်အခတ် ရပ်စဲရေးနဲ့ စစ်ကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသူတွေ နေရပ်ပြန်လာရေး အတွက် ပါဝင်ဆောင်ရွက်ဖို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီက ဦးသိန်းစိန်အစိုးရကို တင်ပြထားတယ်လို့ သိရပါတယ်။

ဒီဆောင်ရွက်ချက်ဟာ ကရင်ငြိမ်းချမ်းရေးကော်မတီရဲ့ ပန်ကြားချက်အရ လက်နက်ကိုင် ကရင်တိုင်းရင်းသား အဖွဲ့အစည်းတွေနဲ့ အစိုးရအကြား တွေ့ဆုံဆွေးနွေးရေး ဖြစ်ဖို့ ဖလုံ-စဝေါ်ပါတီ က ကြိုးစားဆောင်ရွက်နေတာ ဖြစ်တယ်လို့ ပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ် နန်းစေးဝါက ပြောပါတယ်။

"ငြိမ်းချမ်းရေး ကော်မတီဘက်ကတော့ ဒီလုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ အဆင်သင့် ဖြစ်နေပါပြီပေါ့။ ကျမတို့တွေကို ဒီဘက်က နိုင်ငံတော်နဲ့ လုပ်ငန်း အကောင်အထည်ဖော်ဖို့ တာဝန်ပေးပါတယ်။ အထူးသဖြင့် ဦးစောသိန်းအောင်နဲ့ ကျမ ဒေါ်နန်းစေးဝါကိုပေါ့နော်"

ကရင် ငြိမ်းချမ်းရေးကော်မတီကို ဘာသာရေးဆိုင်ရာ အကြီးအကဲတွေနဲ့ ဒေသခံ မြို့မိမြို့ဖ ကရင်တိုင်းရင်းသား ၉ ဦးနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ မကြာသေးခင်က ကျင်းပပြီးစီးခဲ့တဲ့ လွှတ်တော် အစည်းအဝေးမှာလည်း ကရင် စစ်ပြေးဒုက္ခသည်တွေ နေရပ်ပြန်လာရေးကိစ္စကို ပါတီဥက္ကဋ္ဌ ဦးစောသိန်းအောင်က တင်ပြခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေတွေကို ပြန်ရောက်တဲ့အခါမှာ ရှင်းပြခဲ့ပေမယ့် အစိုးရရဲ့ကမ်းလှမ်းချက်ကို ကရင်ပြည်သူတွေဘက်က မယုံကြည်တဲ့အကြောင်း နန်းစေးဝါက ပြောပါတယ်။

"လွှတ်တော်မှာတုန်းကတော့ ဖလုံ-စဝေါ်ပါတီက တင်ပြထားပါတယ်။ ဒီကိစ္စကို ကျမတို့ တအားကို လုပ်ချင်တယ်၊ ကရင်ပြည်နယ် လူထုအတွင်းမှာ ဒါကိုလိုလားတယ်ဆိုတာကို။ အဲဒီတော့ နိုင်ငံတော်ရဲ့ ပြောရေးဆိုခွင့်ရှိတဲ့ ဝန်ကြီးက သူတို့လည်း ဒါကို အမြဲတမ်း လက်ကမ်းကြိုဆိုနေပါတယ်ပေါ့။ ဒီကိစ္စကိုပြောတော့ အပစ်အခတ် မရပ်သေးတဲ့အတွက် မယုံရဲသေးဘူးဆိုပြီး အဲဒီဘက်က ရွာသားတချို့က ပြောပါတယ်"

ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး တည်ဆောက်ဖို့ ဖလုံ-စဝေါ်ပါတီရဲ့ တင်ပြချက်နဲ့ ပတ်သက်လို့ ဦးသိန်းစိန် အစိုးရဘက်က တစုံတရာ တုန့်ပြန်တာမရှိသေးဘူးလို့ သိရပါတယ်။ လက်ရှိ အခြေအနေမှာ အစိုးရတပ်တွေနဲ့ ကရင် လက်နက်ကိုင်အဖွဲ့တွေအကြား တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။

# အမေရိကန်သံရုံးတာဝန်ခံ မကွေးတိုင်း အဲန်အယ်လ်ဒီနဲ့အဲန်ဒီဖက်ဖ တို့နဲ့တွေ့ဆုံ

**RFA၊ မေ ၉ ။** ။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတာဝန်ခံ သံမှူးကြီး မစ္စတာ လယ်ရီ ဒင်းဂါးဟာ မကွေးတိုင်း NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ NDF အမျိုးသားဒီမိုကရေစီ အင်အားစုပါတီဝင်တွေနဲ့ မေလ ၉ ရက် ဒီကနေ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မစ္စတာ ဒင်းဂါးဟာ ရန်ကုန်ကနေ ညောင်ဦးလေဆိပ်ကို မနက် ၈ နာရီကရောက်ရှိလာပြီး ချောက်မြို့မှာ NLD အဖွဲ့ဝင်တွေနဲ့ အရင်ဆုံးတွေ့ဆုံပါတယ်။ အဲဒီနောက် ရေနံချောင်းမြို့က NLD နဲ့ NDF အဖွဲ့ဝင်တွေနဲ့ မွန်းလွဲပိုင်းမှာတွေ့ဆုံပြီးတဲ့နောက် မကွေးမြို့ကို ထွက်ခွာသွားပြီး ညနေပိုင်းမှာ NLD အဖွဲ့ဝင်တွေနဲ့တွေ့ဆုံပါတယ်။

မစ္စတာဒင်းဂါးရဲ့မကွေးတိုင်းခရီးစဉ်ဟာ အချက်အလက် ရှာဖွေရေးခရီးဖြစ်တယ်လို့ ရေနံချောင်းမြို့နယ် NLD စည်းရုံးရေးအဖွဲ့ဝင် ဦးတင့်လွင်ကပြောပါတယ်။

"အချက်အလက်ရှာဖွေရေးခရီးစဉ်ပါပဲ။ အဓိက ကတော့ ဒီအစိုးရအပေါ် သဘောထားဘယ်လိုရှိသလဲပေါ့။ ဒီအစိုးရကို ကျွန်တော်တို့က အယုံအကြည်မရှိပေါ့နော်။ ၂၀၀၈ အခြေခံဥပဒေနဲ့ အုပ်ချုပ်မဲ့ မည်သည့်အစိုးရကိုမှ ကျွန်တော်တို့က လက်ခံမှာမဟုတ်ဖူးလို့ အဲဒါ ကျွန်တော်တို့ပြောဖြစ်တယ်ပေါ့။ ပြီးတော့ ရေဝတီတိုင်းမှာ သူတို့က အကူအညီတွေ အများကြီးပေးခဲ့ပြီပေါ့။ ဒီအပူပိုင်းဒေသ မကွေးတိုင်းမှာ အကူအညီတွေပေးဖို့ သူတို့လုပ်ဆောင်နေတယ်ပေါ့။ အဲဒါကို သူတို့ အဓိက ပြောတာပါ။ ဒီအကူအညီပေးရေးတွေပေါ့။"

NLD အဖွဲ့ဝင်တွေနဲ့ဆွေးနွေးပြီးတဲ့နောက် မစ္စတာဒင်းဂါး ဟာ မွန်းလွဲ ၂ နာရီမှာ ရေနံချောင်းမြို့မှာပဲ NDF အဖွဲ့ဝင်တွေနဲ့ နောက်တနေရာမှာတွေ့ဆုံဆွေးနွေးခဲ့ကြောင်း မကွေးတိုင်း NDF စည်းရုံးရေး အဖွဲ့ဥက္ကဋ္ဌဦးမြင့်ဖေက ပြောပါတယ်။

"ကျွန်တော်တို့ကို သူတို့ကဘာမေးချင်လဲပြောပါတယ်။ အဖွဲ့ဝင်တွေကလည်းပဲ ကျွန်တော်တို့ NDF ကနေ ရွေးကောက်ပွဲဝင်တဲ့ လမ်းကြောင်းရွေးတာ ဘာကြောင့်ရွေးသလဲဆိုတာရှင်းပြတယ်။ နောက်တခုကတော့ အထူးသဖြင့် sanction နဲ့ပတ်သက်လို့ကျွန်တော်တို့ NDF ရဲ့ပါတီဗဟိုအတိုင်းပဲ၊ ဒါကို ကျွန်တော်တို့ပြန်စဉ်းစား ပြီးတင်ပြတာရှိတယ်။ သူကလည်း သူ့ဖက်ကအစိုးရပေါ်လစီနဲ့ သူပြန်ချည်တာရှိပါတယ်။"

"နောက်တခုကတော့ ကျွန်တော်တို့က မကွေးတိုင်းဟာဆင်းရဲတဲ့တိုင်းဖြစ်တဲ့အတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာ ကျွန်တော်တို့ရွေးတာရှိပါတယ် အဖွဲ့ဝင်တွေက။ သူတို့လည်းပဲ ဒါကို grass root level အထိပေါ့၊ ဘယ်လိုကူညီရမလဲဆိုတာကို သူတို့က စဉ်းစားဖို့အတွက် လာဆာဖေးလုပ်တာပါ။ နောက်လည်း ဒါ ကြုံရင် ခဏခဏလာပါမယ်လို့ ပြောပါတယ်။"

အနောက်နိုင်ငံတွေက မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်တာမရှိပဲ တခြားနိုင်ငံတွေက ရင်းနှီးလုပ်ကိုင်တဲ့အ တွက် အလုပ်သမားတွေအခွင့်အရေး နစ်နာဆုံးရှုံးရတာတွေရှိပြီး စီးပွားရေးပိတ်ဆို့မှုဟာ အာဏာပိုင်တွေကိုမထိခိုက်ပဲ ပြည်သူတွေပဲ ထိခိုက်တယ်လို့ NDF က ထောက်ပြခဲ့ကြောင်း၊ ဒါပေမဲ့ မစ္စ တာဒင်းဂါးကတော့ မြန်မာပြည်စီးပွားရေးချွတ်ခြုံကျရတာဟာ အနောက်နိုင်ငံတွေက စီးပွားရေးအရ အရေးယူပိတ်ဆို့တဲ့ အကြောင်း သက်သက်ကြောင့်မဟုတ်ကြောင်း NDF ကို ပြောကြားခဲ့တယ်လို့ ဦး မြင့်ဖေကပြောပါတယ်။ မကွေးတိုင်းမှာဆွေးနွေးခဲ့တဲ့ အချက်အလက်တွေကို မစ္စတာဒင်းဂါး က အမေရိကန်အစိုးရရုံးစိုက်ရာ ဝါရှင်တန်ဒီစီကို တင်ပြမယ်လို့လည်း သိရပါတယ်။

---

# သမတဦးသိန်းစိန်ရဲ့ အာဆီယံဥက္ကဋ္ဌရာထူး တောင်းဆိုချက် မူအားဖြင့်သဘောတူခဲ့

**RFA၊ မေ ၉ ။** ။ ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ပေးဖို့ မြန်မာအစိုးရရဲ့တောင်းဆိုချက်ကိုစဉ်းစားပေးဖို့ အာဆီယံခေါင်းဆောင်တွေ မူအားဖြင့် သဘောတူညီခဲ့ကြတယ်လို့ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်မှာ မနေ့ကကျင်းပခဲ့တဲ့ ၁၈ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီးထုတ်ပြန်တဲ့ အာဆီယံဥက္ကဋ္ဌရဲ့ကြေညာချက်မှာဖော်ပြလိုက်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ်မှာ အာဆီယံအဖွဲ့ကို ဦးဆောင်နိုင်ဘို့အတွက် ဒီမိုကရေစီလမ်းကို ဦးတည်လျှောက်လှမ်းနေတယ်ဆိုတာ ရိုးရိုးသားသားသက်သေပြသဖို့ လိုအပ်နေသေးကြောင်း မြန်မာနိုင်ငံအရေးကိစ္စကို ကမ္ဘာက အာရုံစိုက်နေကြတဲ့အတွက် မြန်မာအစိုးရအနေနဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်တွေ ဆက်လက်အကောင်အထည်ဖော်လိမ့်မယ်လို့မျှော်လင့်ကြောင်း အာဆီယံဥက္ကဋ္ဌဖြစ်သူ အင်ဒိုနီးရှားနိုင်ငံ သမ္မတ စူစီလို ဘန်ဘန်း ယူဒိုယိုနိုက ညီလာခံအပိတ်မိန့်ခွန်းမှာပြောကြားသွားခဲ့ပါတယ်။

၂၀၁၄ ခုနှစ်အတွင်းကျင်းပမယ့် အာဆီယံထိပ်သီးညီလာခံတွေကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပေး မပေးဆိုတာနဲ့ပတ်သက်လို့ အခုနှစ် နိုဝင်ဘာလအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့မှာကျင်းပမယ့် ၁၉ ကြိမ်မြောက် အာဆီယံထိပ်သီး ညီလာခံမှာ ဆက်လက်ဆွေးနွေးမယ်လို့ သိရပါတယ်။

အာဆီယံအဖွဲ့ဟာ ၂၀၁၅ ခုနှစ်မှာ အာဆီယံ တစည်းတလုံးတည်းဖြစ်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော်မှာဖြစ်တာကြောင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ဟာ အထူးအရေးပါနေတယ်လို့ လေ့လာသူတွေက ပြောပါတယ်။

အာဆီယံခေါင်းဆောင်တွေဟာ ၂ ရက်ကြာ ကျင်းပခဲ့တဲ့ ထိပ်သီးညီလာခံအတွင်း ထိုင်းနဲ့ကမ္ဘောဒီးယားနယ်စပ် အငြင်းပွားမှု ပြဿနာကို ပြေလည်အောင်မဖြေရှင်းနိုင်ခဲ့ကြပါဘူး။

ထိုင်းနဲ့ကမ္ဘောဒီးယားပဋိပက္ခဟာ အာဆီယံ ၁၀ နိုင်ငံရဲ့ ညီညွတ်ရေးကို ခြိမ်းခြောက်နေကြောင်း၊ ဒီပြဿနာအပေါ် အာဆီယံရဲ့ စည်းလုံးရေးစိတ်ဓါတ်နဲ့ အချင်းချင်း မိတ်ဆွေလိုသဘောထားပြီး ဖြေရှင်းသင့်ကြောင်း အာဆီယံခေါင်းဆောင်တွေရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အာဆီယံခေါင်းဆောင်တွေဟာ အခု ကျင်းပခဲ့တဲ့ ထိပ်သီးညီလာခံအတွင်း စားနပ်ရိက္ခာနဲ့စွမ်းအင်ဖူလုံရေး၊ တောင်တရုတ် ပင်လယ်ပြင်က ပိုင်နက်အငြင်းပွားမှု၊ လူကုန်ကူးမှုနဲ့ အရှေ့တီမောကို အာဆီယံအဖွဲ့ဝင်သစ်အဖြစ် လက်ခံရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။

# နိုင်ငံအကျဉ်းသားများ အမြန်ဆုံးလွှတ်ဖို့လို

RFA
**အသံလွှင့်ဆောင်းပါး**

အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တော်မှာကျင်းပခဲ့တဲ့ အာဆီယံ ထိပ်သီးညီလာခံမှာ ဦးသိန်းစိန်အစိုးရတောင်းဆိုထားတဲ့ ၂၀၁၄ ခုနှစ်၊ အာ ဆီယံဥက္ကဋ္ဌနေရာအပ်နှင်းရေးကိစ္စကိုမြန်မာ နိုင်ငံမှာ ဒီမိုကရေစီ ရေးပြုပြင်ပြောင်းလဲရေးတွေလုပ်ဆောင်ဖို့ လိုအပ်နေသေးတဲ့အတွက် အခုနှစ် ကုန်ပိုင်းလောက်ကျမှ ဆုံးဖြတ်မယ်လို့ အာဆီယံခေါင်းဆောင် တွေက သံတမန်နည်းကျကျပြော ဆိုခဲ့ကြပါတယ်။ ဒီအကြောင်း RFA ပြင်ပဆောင်းပါးရှင် မြန်မာ့အရေးကျွမ်းကျင်သူ သတင်းထောက် Larry Jagen က ဂျာကာတာမြို့ကနေ ပေးပို့လိုက်ပါတယ်။

အာဆီယံခေါင်းဆောင်တွေဟာ ၂၀၁၄ ခုနှစ်၊ အာဆီယံဥက္ကဋ္ဌ နေရာရယူဖို့ကြိုးပမ်းနေတဲ့ ဦးသိန်းစိန်အစိုးရကို ဒီမိုကရေစီပြုပြင် ပြောင်း လဲရေးတွေ အစစ်အမှန်လုပ်ဆောင်တာ မြင်တွေ့ချင်တယ်လို့ ပြောဆိုလိုက်ပါတယ်။ နောက်တဆင့်အနေနဲ့ အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီး မစ္စတာမာတီလ် နာတီဂါဝါဦးဆောင်တဲ့ အချက်အလက်ရှာဖွေ ရေးကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို လာမယ့်သတင်းပတ်အနည်းငယ်အ တွင်း မြန်မာနိုင်ငံကိုစေလွှတ်ဖို့ စီစဉ်ထားပါတယ်။

အဲဒီခရီးစဉ်အတွင်း အာဆီယံကိုယ်စားလှယ်အဖွဲ့ဟာ အတိုက် အခံဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံ မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ မဝေးတော့တဲ့အနာဂါတ်မှာအာဆီယံ ဥက္ကဋ္ဌတာဝန် အပ်နှင်းခံရတော့မှာကတော့ သေချာပါတယ်။ ဒါပေ မယ့် လာမယ့်သုံးနှစ်မှာဘဲ ဥက္ကဋ္ဌဖြစ်လာမှာလား၊ ဒါမှမဟုတ် ၂၀၁၆ ခုနှစ်ကျမှဘဲဖြစ်လာမှာလားဆိုတာကတော့မေးခွန်းထုတ်စရာပါ။လတ် တလောမှာ တော့ ဒီကိစ္စနဲ့ပတ်သက်လို့ အာဆီယံအဖွဲ့အတွင်းမှာအုပ်စု ကွဲနေပါတယ်။

ဦးသိန်းစိန်အဖို့တော့ ဒီတကြိမ်ထိပ်သီးညီလာခံဟာ တချိန်က သူတက်ရောက်ဘူးတဲ့ညီလာခံတွေနဲ့မတူပါဘူး။ သူ့အနေနဲ့ မြန်မာ ပြည်မှာ ရွေးကောက်ပွဲကျင်းပခဲ့တာ အစိုးရသစ်ဖွဲ့ခဲ့တာတွေကိုထောက် ပြပြီး စစ်မှန်တဲ့အပြောင်းအလဲတွေရှိနေပြီဆိုပြီး တခြားအာဆီယံခေါင်း ဆောင်တွေကို နားဝင်အောင်ပြောဆိုနေရတာမို့ ဒီအကြိမ်ဟာ သူ့အ တွက်အခက်အခဲဆုံး အခြေအနေပါဘဲ။ အာဆီယံခေါင်းဆောင်တွေ ဘက်ကတော့ မြန်မာနိုင်ငံမှာ မနှစ်ကကျင်းပခဲ့တဲ့ရွေးကောက်ပွဲဟာ အရေးပါတဲ့အချိုးအကွေ့တခုဆိုတာ မူအားဖြင့်သဘောတူလက်ခံကြ ပေမယ့် မြင်သာတဲ့တိုး တက်မှုတွေမရှိသေးဘူးဆိုတာ အင်ဒိုနီးရှားနိုင်ငံ ခြားရေးဝန်ကြီး မာတီလ် နာတီဂါဝါက ကျနော့ကိုပြောပါတယ်။

အာဆီယံခေါင်းဆောင်တွေဟာ အာဆီယံဥက္ကဋ္ဌတာ ဝန်ယူချင် ရင် ဖြည့်ဆည်းဆောင်ရွက်ဖို့လိုအပ်တဲ့အချက်တွေကိုလည်း မြန်မာ ခေါင်းဆောင်တွေကို ရှင်းရှင်းလင်းလင်းပြောဆိုလိုက်ကြပါတယ်။ အဲဒီ အထဲမှာ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ ပြည်သူတွေကိုပိုမို လွတ်လပ်ခွင့်ပေးအပ်ဖို့ ဒီမိုကရေစီရေးတိုးမြှင့်လုပ်ဆောင်ဖို့ စတဲ့အ ချက်တွေပါဝင်တယ်လို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အ ရာရှိကြီးတွေကပြောပါတယ်။ ၂၀၁၄ ခုနှစ်အတွက် မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌပေးမယ် မပေးဘူးဆိုတာနဲ့ပတ်သက်လို့ ဘာလီမြို့မှာ အခုနှစ်နှောင်းပိုင်းကျင်းပမယ့် အာဆီယံညီလာခံကျမှဆုံးဖြတ်ဖို့ရွှေ့ ဆိုင်း ထားလိုက်ပါတယ်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌပေးအပ်ရေးကိစ္စအတွက် အထူးအရေးကြီးနေပါတယ်။ မစ္စတာ နာတီဂါဝါဟာ ဒီခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဖို့ကြိုးပမ်းမှာဖြစ်သလို အပြောင်းအ လဲတွေရှိနေပြီလား၊ ဒီမိုကရေစီအရေးမှာတိုးတက်နေပြီလားဆိုတာ ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဦးသိန်းစိန်အနေနဲ့ အာဆီယံဥက္ကဋ္ဌလုပ်ခွင့်ရဖို့ တောင်းဆိုချက်ကို အာဆီယံက ဘာကြောင့်ရွှေ့ဆိုင်းထားလိုက်တယ် ဆိုတာ မြင်ဖို့လိုပါတယ်။ အစိုးရသစ်ဖွဲ့ရုံလောက်နဲ့ အပြောင်းအလဲတွေ ရှိနေပါပြီလို့ ပြောဆိုပြီး အာဆီယံဥက္ကဋ္ဌနေရာ မရနိုင်ပါဘူး။

အခုအမည်ခံအရပ်သားအစိုးရဟာ စစ်အစိုးရနဲ့ကွာတယ်ဆို တာပြဖို့လိုပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ နောင်ဖြစ်လာသမျှအ ခြေအနေတွေဟာ အာဆီယံအဖွဲ့အပေါ် ရိုက်ခတ်မှုရှိမှာအမှန်ပါ။ အထူး သဖြင့် အာဆီယံအဖွဲ့အနေနဲ့ ၂၀၁၅ ခုနှစ်မှာ အဖွဲ့ဝင်နိုင်ငံအားလုံး စီးပွားရေးရာပူးပေါင်းဆောင်ရွက်ဖို့ရည်မှန်းချက်ရှိနေပါတယ်။ အဲဒီရည် မှန်းချက်ပြည့်မီရေးအတွက် အာဆီယံဟာ မိတ်ဖက်တွေဖြစ်တဲ့အမေ ရိကန်နဲ့ အီးယူဥရောပနိုင်ငံတွေရဲ့ အပြည့်အဝထောက်ခံ ပူးပေါင်းမှု အထူးလိုအပ်ပါတယ်။ ခေါင်းမာတဲ့မြန်မာနိုင်ငံသာ အာဆီယံဥက္ကဋ္ဌဖြစ် လာမယ်ဆိုရင် အမေရိကန်က အာဆီယံအဖွဲ့ကိုရှောင်ဖယ်သွားနိုင်တဲ့ အတွက် အာဆီယံအဖွဲ့အတွက် ကြီးမားတဲ့ထိခိုက်ဆုံးရှုံးမှုနဲ့ရင်ဆိုင်ရ နိုင်ပါတယ်။

၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံကို အာဆီယံဥက္ကဋ္ဌပေးရေးနဲ့ပတ် သက်လို့ အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူနဲ့ထိုင်းနိုင်ငံတွေက ဒီမိုက ရေစီရေးပြု ပြင်ပြောင်းလဲရေးလုပ်ဖို့ ပြင်းပြင်းထန်ထန်တောင်းဆိုထာ း ကြသလို ကမ္ဘောဒီးယား၊ လာအိုနဲ့ဗီယက်နမ်နိုင်ငံတွေကတော့ မြန် မာကို အာဆီယံဥ က္ကဋ္ဌပေးဖို့ အသာတကြည်နဲ့သဘောတူထားကြပါ တယ်။စင်္ကာပူကတော့အတင်းမာဆုံးလို့ဆိုနိုင်ပါတယ်။မြန်မာကိုဥက္ကဋ္ဌ ပေးမယ်ဆိုရင် အက္ခ ရာစဉ်အတိုင်းဘဲပေးသင့်တယ်လို့ ပြောပါတယ်။

အဲဒီလိုဆိုရင် မြန်မာနိုင်ငံဟာ ၂၀၁၆ ခုနှစ်ကျမှ ဥက္ကဋ္ဌနေရာကို အလိုအလျောက်ရရှိမှာဖြစ်ပါတယ်။ စင်္ကာပူဟာဒေသတွင်းမှာ တခြား နိုင်ငံတွေထက်ဆာရင် အမေရိကန်နဲ့ဆက်ဆံရေးပျက်မှာကို အစိုးရိမ် ဆုံးနိုင်ငံလည်းဖြစ်ပါတယ်။ ဦးသိန်းစိန်ဟာ အာဆီယံရဲ့စီးပွားရေးပူး ပေါင်းဆောင်ရွက်ရေးရည်မှန်းချက် အကောင်အထည်ဖော်မယ့် ၂၀၁၅ ခုနှစ်ကျော်မှ ဥက္ကဋ္ဌလုပ်ရမယ့်ကိစ္စကို ကျေနပ်မှာမဟုတ်သလို မြန်မာ နိုင်ငံမှာ ၂၀၁၅ ခုနှစ်ကျင်းပမယ့်ရွေးကောက်ပွဲမတိုင်ခင် တနှစ် အလိုမှာ အာဆီယံဥက္ကဋ္ဌဖြစ်ချင်နေပါတယ်။ အဲဒီတော့ဦးသိန်း စိန်အစိုးရအနေနဲ့ လာမယ့် လအနည်းငယ်အတွင်း နိုင်ငံရေး၊ စီးပွားရေးတို့မှာ ထူးခြားတဲ့ အပြောင်းအလဲတွေပြသဖို့ဟာ တကယ့်ကိုအရေးကြီးနေပါပြီ။

အဲဒီလိုလုပ်ဆောင်မယ်ဆိုရင် ပထမအဆင့်အနေနဲ့ နိုင်ငံရေး အကျဉ်းသားတွေလွှတ်ပေးဖို့လိုအပ်သလို အမြန်ဆုံးလွှတ်ဖို့လည်းအ ရေးကြီးပါတယ်လို့ RFA ပြင်ပဆောင်းပါးရှင် Larry Jagen က သုံးသပ် ထားပါတယ်။

**မေ ၅။** BP ။ ။ ယခုလအတွင်း ချင်းမိုင်ရှိ Mumu Arthouse သည် Nat နှင့် Susan Tileson တို့၏ My story မှ ကောက်နှုတ်ထားသည့် ထိုင်းနှင့် မြန်မာနယ်စပ်တွင်ရိုက်ကူးထားသော ဓါတ်ပုံပြပွဲကျင်းပမည်။

**မေ ၆။** Irrawaddy ။ ။ လွှတ်ငြိမ်းချမ်းသာခွင့် ကောင်မှုဟာလကြောင့် နိုင်ငံရေးအကျဉ်းသားမိသားစုများစွာ ထောင်များသို့သွားကြောင်း။

**မေ ၆။** MAE SOT ။ ။ ယခုအပတ်ထိုင်းဖက်သို့ဝင်ရောက်ခိုလှုံသူ ကရင်ဒုက္ခသည် ၁၀၀၀ ခန့်အား မြန်မာဖက်သို့ပြန်ပို့ခဲ့ကြောင်း ဒုက္ခသည်အသိုင်းအဝိုင်းများမှ ဆို၏။

**မေ ၆။** Mizzima ။ ။ လက်ရှိတင်းကျပ်မှုများနှင့် မညီရေးအတွက် မြန်မာမီဒီယာဥပဒေသင်တန်းတွင် သတင်းထောက်များတက်ရောက်နေကြောင်း။

**မေ ၆။** Mizzima ။ ။ မတ် ၁၆ – ၁၈ မြန်မာသို့လာသော လက်နက်ရောင်းလုပ်ငန်းပါသော ဩစတေးလျကုန်သွယ်အဖွဲ့တွင် ဩစတေးလျသံရုံးမှလိုက်ပါမှုရှိခဲ့၍ အဲန်အဲလ်ဒီမှစိတ်အနှောက်ယှက်ဖြစ်ကြောင်း။

**မေ ၇။** Jakarta Post ။ ။ အီးယူသည် မြန်မာမှအပ အာဆီယံအခြားနိုင်ငံများနှင့် FTA လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီမှု ပြန်လည်စတင်ဆွေးနွေးမည်။

**မေ ၈။** JKT-AP ။ ။ မြန်မာသည် အလှည့်ကျအာဆီယံသဘာပတိခုံကို ရနိုင်ဖွယ်ရှိကြောင်း။

**မေ ၈။** New York Times ။ ။ မြန်မာအား အလှည့်ကျသဘာပတိနေရာ ပေးရေး မပေးရေးနှင့်ကမ္ဘောဒီးယားနှင့်ထိုင်းနယ်စပ်ပြဿနာတို့တွင် ဆုံးဖြတ်ချက်မချနိုင်ဘဲ အာဆီယံဆွေးနွေးပွဲသည် အဓိက အချက်၂ ချက်ရှိခဲ့ကြောင်း။

**မော ၈။** SteelGuru ။ ။ မြန်မာတွင် မဂ္ဂနီဆီယံသတ္တုတူးဖော်ရေးတွင် မိမိတို့ပါဝင်သည်ဆိုသည်မှာမဟုတ်ဟု TCL Corp မှ ငြင်းဆို၏။

**မေ ၉။** The Australian ။ ။ လက်ရှိမြန်မာနိုင်ငံတွင် သတင်းလုပ်ငန်းသည် ရာဇဝတ်မှုနှင့်မကင်းကြောင်း Elizabeth Hughs မှသတင်းဝေဖန်၏။

**မေ ၉။** DVB ။ ။ မြန်မာအား အာဆီယံအလှည့်ကျသဘာပတိနေရာကို မပေးသေးဘဲဆိုင်းထားရန် အာဆီယံပါလီမန်အမတ်များ AIPMC မှ အာဆီယံသို့ တိုက်တွန်း၏။

**မေ ၉။** FORTWAYNE ။ ။ ခေတ်မီရုပ်သံစနစ်များသုံး၍အင်တာနက်မှတဆင့်စကားပြန်ခြင်းဖြင့်မြန်မာလူနာနှင့်ဆေးစစ်ခံယူသူများနှင့်ဆေးရုံဆေးခန်းများအတွက်ပါ အထူးအသုံးဝင်ကြောင်း။

**မေ ၉။** SPR ။ ။ မြန်မာ၏တိုးတက်လာသောနိုင်ငံရေးအခြေအနေများကြောင့် အီးယူအာဆီယံ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီမှု ဆွေးနွေးမှုသည် ပြန်လည်အသက်ဝင်လာမည်။

**မေ ၁၀။** DVB ။ ။ ဂျူလိုင်လတွင် တရုတ်သည် မြန်မာ တကောင်းတောင်ဒေသတွင် နစ်ကယ်သတ္တုတူးဖော်ရေးစတင်မည်။

**မေ ၁၀။** Irrawaddy ။ ။ ဩစတေးလျသို့ အနာဂတ်တွင် ရေကြောင်းမှဝင်လာမည့်ခိုလှုံသူ ၈၀၀ ကို ကုလသမဂ္ဂရုံးမှ စိစစ်ရန် မလေးရှားသို့ ပို့ခြင်းအတွက် ဩစတေးလျသည် မလေးရှားမှ မြန်မာဒုက္ခသည် ၄၀၀၀ လက်ခံရန် နှစ်နိုင်ငံသဘောတူညီချက်ကို နှစ်နိုင်ငံအမတ်များစွာမှ အပြစ်တင်ဝေဖန်၏။

**မေ ၁၀။** Irrawaddy ။ ။ ယခင်ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ယခုအမတ် သည် အလွဲသုံးစားမှုများအတွက် အစစ်ဆေးခံနေရကြောင်း။

**မေ ၁၀။** Mizzima ။ ။ မြန်မာသို့ကုလအထူးသံ လာစဉ် မိမိတို့အဓိကဆွေးနွေးလိုသည်မှာ ငြိမ်းချမ်းရေးနှင့်လွတ်ငြိမ်းချမ်းသာခွင့်တို့ဖြစ်ကြောင်း ရှမ်းအဲန်အဲလ်ဒီမှဆို၏။

**မေ ၁၀။** DVB ။ ။ အနှစ်တရာကျော် မြန်မာဖက်နှင့်မြန်မာနယ်စပ်တွေနေသူ နိုင်ငံမဲ့ထိုင်းများ ထိုင်းနိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရတော့မည်ဟုထိုင်းမှဆို၏။

**မေ ၁၁။** Straits Times ။ ။ မြန်မာအစိုးရအဖွဲ့သစ်နှင့်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း တွေ့ဆုံရန် ဘန်ကီမွန်း၏ အထူးသံ Nambiar သည် မြန်မာသို့ရောက်ရှိ၏။

**မေ ၁၁။** US News ။ ။ မြန်မာသည် ၂၀၁၃တွင် ၂၇ကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပွဲကို အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပနိုင်ရန် အပြင်းအထန်ကြိုးပမ်းနေ၏။

**မေ ၁၁။** BKK-IPS ။ ။ မြန်မာအစိုးရသစ်သည် ၂၀၁၄ တွင် အာဆီယံအလှည့်ကျသဘာပတိနေရာကိုရရန် ကြိုးပမ်းနေသော်လည်း အံမဝင်ဂွင်မကျကြောင်း Marwaan Macan-Makar မှသတင်းဝေဖန်၏။

**မေ ၁၁။** HRW ။ ။ ကုလအထူးသံ Nambiar သည် မြန်မာခရီးစဉ်သည် စစ်တပ်ကြိုးကိုင်အစိုးရသစ်အား နှုတ်ဆက်ရန်သက်သက်မဖြစ်သင့်ဟု Human Rights Watch မှသတိပေး၏။

**မေ ၁၁။** UN ။ ။ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများစွာတွင် လက်နက်ကိုင်တိုက်ခိုက်မှုများတွင် ကျောင်းများကိုပိတ်ရန် တမင်တိုက်ခိုက်မှုများရှိနေကြောင်း ကုလသမဂ္ဂသတင်းမှဆို၏။

**မေ ၁၁။** Irrawaddy ။ ။ နိုင်ငံတော် သို့မဟုတ် နိုင်ငံသားတို့၏လုံခြုံရေးကိုထိခိုက်မည့်သတင်းယူမှုမျိုးကိုခွင့်မပြုဟု အစိုးရသစ်၏ပထမဆုံးသတင်းရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဝန်ကြီး ဦးဉာဏ်ထွန်းဦးမှဆို၏။

**စာမျက်နှာ ၁၃ သို့**

# အကျဉ်းသားလွတ်ရေးလက်မှတ်ထိုးလှုပ်ရှားသူ စာရေးဆရာဝေမှူးသွင်ဖမ်းဆီးခံရ

**VOA | မေ ၉ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဆောင်ရွက်နေတဲ့ နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေး လက်မှတ်ရေးထိုးလှုပ်ရှားမှုမှာ ပူးပေါင်းပါဝင်နေခဲ့သူ စာရေးဆရာဝေမှူးသွင်ကို အာဏာပိုင်တွေကဖမ်းဆီးသွားတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တက်ကြွလှုပ်ရှားသူတွေက ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြုလုပ်တဲ့ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး လက်မှတ်ရေးထိုးတဲ့လှုပ်ရှားမှုမှာ စာရေးဆရာတွေ အနုပညာရှင်တွေရဲ့လက်မှတ်တွေပါဝင်ဖို့အတွက် စာရေးဆရာဝေမှူးသွင်က အကူအညီပေးပြီး တက်ကြွစွာလုပ်ဆောင်ခဲ့ပြီးနောက် ဖမ်းဆီးခံရတာဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တောင်ဒဂုံမြို့နယ် စည်းရုံးရေးကော်မတီဝင်တဦးက အခုလို ပြောပြပါတယ်။

“ဝေမှူးသွင်က စာရေးဆရာဗျ၊ သူက မင်္ဂလာတောင်ညွန့်မှာ နေတယ်။ စနေနေ့ နေ့လယ် ၁ နာရီလောက်က SB က သူ့အိမ်ကို ဝိုင်းပြီးတော့ ဝေမှူးသွင်ကိုဖမ်းသွားတာ။ သူ့ကို ဘာလို့ ဖမ်းလဲဆိုတော့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် လက်မှတ်လိုက်ထိုးတဲ့ Campaign တခု ကျနော်တို့လုပ်နေကြတယ်။ အဲဒီဟာနဲ့ပတ်သက်ပြီး ဝေမှူးသွင်က အဲဒီလက်မှတ်တွေကိုလည်း သူကလိုက်ထိုးတယ်၊ စာရေးဆရာအုပ်စု၊ သူ့ရဲ့သူငယ်ချင်း ရေးဖော်ရေးဘက်တွေရဲ့လက်မှတ်တွေကို နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ထိုးပေးဖို့လိုက်တောင်းတယ်။

“အဲဒီလိုတောင်းခံတဲ့အပြင် နိုင်ငံတော်ကိုအကြည်ညို ပျက်စေတဲ့သရော်စာတစောင်ကိုပါ သူက ပူးတွဲပြီးဝေတယ်လို့ ကြားတယ်။ အဲဒီအတွက် သူ့ကို စနေနေ့ နေ့လယ် ၁ နာရီလောက်က သူ့အိမ်ကို SB တွေ နယ်မြေခံရဲတွေ ဝိုင်းပြီးတော့ ဖမ်းသွားကြတယ်လို့ သိရတယ်။ အခုလည်း သူ့အိမ်ကို SB တွေ နယ်မြေခံရဲတွေက စောင့်နေကြတယ်။”

ကိုဝေမှူးသွင်ဟာ ၁၉၈၈ ခုနှစ်ကာလက လှုပ်ရှားမှုမှာ ပါဝင်ခဲ့တာတွေရှိသလို ပြီးခဲ့တဲ့နှစ်ကပြုလုပ်ခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲကာလအတွင်းမှာ ပါတီတခုဖြစ်တဲ့ မြန်မာ့ဒီမိုကရေစီကွန်ဂရက်ပါတီရဲ့ခေါင်းဆောင်အဖြစ်လည်း တာဝန်ယူခဲ့ပါတယ်။ ဒီနောက်မှာတော့ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လက်မှတ်ထိုးတဲ့ လှုပ်ရှားမှုမှာ တက်တက်ကြွကြွနဲ့ ပါဝင်လာတာလည်း ဖြစ်ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ အမြန်ဆုံးပြန်လွှတ်ပေးဖို့အတွက် လိုအပ်နေပြီဖြစ်ကြောင်းကိုလည်း လက်မှတ်ရေးထိုး လှုပ်ရှားနေသူတွေက ဆက်လက်ပြောပြပါတယ်။

“လက်မှတ်ထိုးတယ်ဆိုတာက နဂိုကတည်းက နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံတကာစံနှုန်းမှာဆိုရင် ရွေးကောက်ပွဲတို့ လွှတ်တော်တို့ခေါ်ပြီးပြီဆိုရင် လွှတ်ပေးတဲ့ထုံးစံတွေရှိကြတယ်။ အခုတက်လာတဲ့အစိုးရ သမ္မတကြီးကိုယ်တိုင်က လွှတ်ပေးမှုမရှိသေးတဲ့အတွက် ကျနော်တို့က နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးဖို့ မေတ္တာရပ်ခံတဲ့အနေနဲ့စည်းရုံးပြီး လှုပ်ရှားနေတဲ့သဘောပါ။ အဲဒီအပေါ်မှာလည်း ကိုဝေမှူးသွင်အနေနဲ့ သူကလည်း စာရေးဆရာတွေရဲ့လက်မှတ်တွေရဖို့ ဆောင်ရွက်ခဲ့တာပါ။ အမှန်တကယ်ကတော့ နိုင်ငံတော်အစိုးရကိုယ်တိုင်က ဒါတွေကို လွှတ်ပေးခဲ့ရင် ကောင်းတာပေါ့ဗျာ။”

အခုလို နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး လက်မှတ်ရေးထိုးမှုလုပ်နေတဲ့ စာရေးဆရာ ဝေမှူးသွင်နဲ့ပတ်သက်ပြီး နောက်ဆုံးသတင်းတွေအရ သူ့ကိုဖမ်းဆီးတာဟာ မူးယစ်ဆေးဝါးသုံးစွဲတာကြောင့်ဖမ်းတာလို့လည်း အတည်မပြုနိုင်တဲ့သတင်းတွေအရ ကြားနေရပါတယ်။ အာဏာပိုင်တွေဘက်ကတော့ ဘာကြောင့် ဖမ်းဆီးသလဲဆိုတာကို အတည်ပြုပြောကြားခြင်း မရှိသေးပါဘူး။

---

## စာရေးဆရာကြီး နတ်နွယ် ကွယ်လွန်

**Mizzima | မေ ၁၁ ။ ။** ပင်ကိုယ်ရေးဝတ္ထုဖြစ်သည့် မြန်မာပြည်မြောက်ပိုင်း၊ ဘာသာပြန်ဝတ္ထုဖြစ်သည့် ရောမကမိန်းမပျက် စသည့် ဝတ္ထုများဖြင့်ထင်ရှားသည့် စာရေးဆရာကြီးနတ်နွယ်သည် ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း ၄၈ ရပ်ကွက် မဟာဆွေလမ်းနေအိမ်တွင် မေလ ၁၁ ရက် ၂၀၁၁ နံနက် ၁၁ နာရီခွဲခန့်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ဆရာနတ်နွယ်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အဖဦးဘဝမ်း၊ အမိဒေါ်စောလုံတို့မှ ၁၉၃၃ခု ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွားမြင်ခဲ့ပြီးအမည်ရင်းမှာ လှမြင့်ဖြစ်သည်။ ငယ်စဉ်က မြစ်ကြီးနားမြို့ တောင်ဖန်း အထက်တန်းကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သည်။

၁၉၅၀ ဇွန်လ ၂၈ နေ့ထုတ် ဟံသာဝတီသတင်းစာ မဂ္ဂဇင်းကဏ္ဍတွင် ကျောင်းသူမကဗျာဖြင့် အသက် ၁၇ နှစ်အရွယ်တွင် စာပေလောကသို့ဝင်ရောက်လာပြီး မဂ္ဂဇင်း၊ဂျာနယ်များတွင် ဆောင်းပါး ဝတ္ထုဝေဖန်စာများ ဘာသာပြန်များရေးသားခဲ့ပြီး ဝတ္ထုစာအုပ်စုစုပေါင်း ၁၀၀ ကျော်ရေးသားခဲ့သည်။

အမျိုးသားသတင်းစာတွင် ဘာသာပြန်အယ်ဒီတာ၊ စုံထောက်မဂ္ဂဇင်း (မိုးဝေမဂ္ဂဇင်း)၊ လျှို့ဝှက်သည်းဖို မဂ္ဂဇင်း၊ နွယ်နီမဂ္ဂဇင်းတို့တွင် အယ်ဒီတာလုပ်ခဲ့သည်။ ဆရာသည် စိန်အိုးစည်၊ ဘွဲ့ဖြူ၊ မုလာဒင်၊ မောင်မြင့်နောင်၊ ကလောင်သစ်၊ နီနီ၊ မောင်တင်အေး၊ မှန်ပြောင်းသစ်၊ ကောင်းမြတ်၊ ဇင်သောင်း၊ မလိခ (ဆရာမင်းကျော်နှင့်တွဲ၍)၊ ကောလိယ၊ မိုးဇော်ဟိန်း၊ ပျံလွှား စသည့် ကလောင်ခွဲများဖြင့် စာရေးသားခဲ့ပါသည်။

ထင်ရှားသော ပင်ကိုရေးဝတ္ထုများမှာ အပြာ၊ အဝါ၊ တကွေ့တော့တွေ့ကြဦးမည်၊ တံခွန်တိုင်မောင်နှမများ မြန်မာပြည်မြောက်ပိုင်း စသည်တို့ဖြစ်ပြီး ထင်ရှားသောဘာသာပြန်လက်ရာများမှာ ရောမကမိန်းမပျက်၊ စိန်ခေါ်ပွဲ၊ မိုဗီဒစ်စသည်တို့ဖြစ်ကာ ကာရာမာဇော့ ညီအကိုများ ရုရှဝတ္ထုကြီးဖြင့် ၂၀၀၂ ခုနှစ် အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆုရခဲ့သည်။

မိုးဇော်ဟိန်းအမည်ဖြင့် လုံးချင်းဝတ္ထုများကိုလည်း ဘာသာပြန်ဆိုခဲ့သည်။ စာရေးဆရာ မင်းကျော်နှင့်တွဲ၍ မလိခ ကလောင်အမည်ဖြင့် မြန်မာဝတ္ထုအညွှန်းများရေးသားခဲ့ကာ ကမ္ဘာ့ဝတ္ထုအညွှန်းကိုလည်း ပြုစုခဲ့သည်။ ဆရာကွယ်လွန်ချိန်တွင် အသက်၇၉နှစ် ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ အထင်ကရစာရေးဆရာကြီးလည်းဖြစ် သျှန်တိနိကေတန် စာကြည့်တိုက်ကိုတည်ထောင်ခဲ့သူလည်းဖြစ်သူ ဆရာကြီး ပါရဂူသည်လည်း ဧပြီလ ၉ ရက်နေ့က ကွယ်လွန်ခဲ့သည်။

## ဗေဒါကျောင်းအိမ်ရှင်ကို အာဏာပိုင်တွေဖိအားပေး

**Mizzima | မေ ၁၃ ။ ။** အတိုက်အခံလှုပ်ရှားသူများ တည်ထောင်ထားသော ဗဟုသုတတိုးပွားရာသင်တန်းကျောင်းကို နေရာဆက်မငှားရန် ဒေသအာဏာပိုင်များက အိမ်ရှင်သို့ဖိအားပေးမှု ရန်ကုန် သင်္ဃန်းကျွန်းတွင်ဖြစ်ပွားခဲ့သည်။

သင်္ဃန်းကျွန်း ၁၆ ရက်ကွက် သုမနလမ်း အမှတ် ၄၅၃ ရှိသင်တန်းနေရာကိုဆက်ငှားလျှင် အိမ်သိမ်းခံရမည်ဟု ရပ်ကွက်အာဏာပိုင်များကခြိမ်းခြောက်ပြီးနောက် အိမ်ရှင်က အမြန်ဆုံးပြောင်းရွှေ့ပေးရန်ပြောလာသည်ဟု ဗေဒါအင်စတီကျု Baydar Institute ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်ဦးကပြောသည်။

အိမ်ရှင်နှင့်သဘောတူချက်တွင် ၆ လ အငှားချုပ်ဆိုထားသည်။ယခုတခါပြောင်းရွှေ့ရလျှင် လေးလအတွင်း သုံးကြိမ်မြောက်နေရာပြောင်းခြင်းဖြစ်မည်။

"ကျောင်းရွှေ့ပြီး ၂ ရက်လောက်လည်းနေရော မြို့နယ်အုပ်ချုပ်ရေးမှူးက အိမ်ရှင်ကိုခေါ်ပြီး လက်မှတ်ထိုးခိုင်းတယ်။ ရွှေ့ခိုင်းတယ်ကြားတယ်။ အဲဒါ အိမ်ရှင်ကနေ့တိုင်းလာပြီး သူ့အိမ်ကိုသိမ်းမှာကြောက်တယ်၊ စိုးရိမ်တယ်ဆိုပြီး လာလာပြောတယ်" ဟု ဦးမြင့်ဦးက မဇ္ဈိမသို့ ပြောသည်။

ဗေဒါကျောင်းအုပ်ချုပ်သူများက သင်္ဃန်းကျွန်းအခြေစိုက် အမျိုးသားဒီမိုကရေစီအင်အားစု NDF လွှတ်တော်အမတ် ဦးသိန်းညွှန့်အနေဖြင့် ကျောင်းဆက်လက်ဖွင့်ခွင့်ရရေးကူညီပေးရန် မေတ္တာရပ်ခံထားကြသည်ဟု ဆိုသည်။

တက္ကသိုလ်ဝင်တန်းအောင်သူများမှ ဘွဲ့ရသူများအထိ တက်ရောက်သင်ကြားနိုင်သောဗေဒါကျောင်း၌ လူမှုရေးသိပ္ပံ၊ ကမ္ဘာ့ပဋိပက္ခများအကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများကိုလေ့လာခြင်း နှင့် အခြေခံအင်္ဂလိပ်ဘာသာရပ်များကို နှစ်ပတ်ကြာ အခမဲ့ပို့ချပေးနေသည်။

တိုင်းနှင့်ပြည်နယ်များမှလာရောက်သည့် သင်တန်းသား ၃၀ ကျော်ကို ကျောင်းအိပ်ကျောင်းစား သင်ကြားပေးနေရာ အပတ်စဉ် ၆ အထိရှိပြီဖြစ်သည်။

သင်တန်းဆင်းပွဲများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒုဥက္ကဋ္ဌဦးတင်ဦးနှင့်ပါတီခေါင်းဆောင်များ လာရောက်လေ့ရှိပြီး လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်း သဝဏ်လွှာများပို့ပေးခဲ့သည်။

အဖွဲ့ဝင် ၂၀ ရှိ Baydar Institute ဦးဆောင်သူများတွင် NLD ပါတီဝင်အချို့၊ ကိုမျိုးရန်နောင်သိန်း၊ ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလယှဉ်ပြိုင်ခဲ့ကြသည့်ဦးဝင်းချို၊ တောင်ဥက္ကလာမှ ဒေါက်တာစောနိုင်၊ ၈၈ မျိုးဆက်ကိုဖြိုးမင်းသိန်းတို့ ပါဝင်သည်။

ဒေသအာဏာပိုင်များက အိမ်ရှင်များကိုလက်မခံရန် ခြိမ်းခြောက်ဖိအားပေးရာက ဤနှစ်ဆန်းကစဖွင့်သောဗေဒါမှာ တာမွေမှ စမ်းချောင်း၊ စမ်းချောင်းမှသင်္ဃန်းကျွန်းသို့ ရောက်ရှိလာသည်။

"ပြည်သူလူထုတွေရဲ့ပညာပေးလုပ်ငန်းတွေကို အစိုးရကမလုပ်နိုင်လို့ တခြားစေတနာရှိသူတွေက လုပ်တော့လည်း ဖိအားအမျိုးမျိုးတွေနဲ့ အနှောက်အယှက်ပေးတယ်ဆိုတာကတော့ နဂိုကစစ်အစိုးရနဲ့နောက်တက်တဲ့ပြည်ထောင်စုသမ္မတအုပ်ချုပ်တဲ့ဟာနဲ့ပေါ့လေ ဘာမှမထူးသလိုပါပဲ" ဟု ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်ဦးက ပြောသည်။

## အခြေခံဥပဒေကို လွှတ်တော်တွင်းမှပြင်ဖို့ တစည‌ပြော

**Mizzima | မေ ၁၀ ။ ။** ဒီမိုကရေစီလမ်းကြောင်း ကွဲလွဲနေသည့် ၂၀၀၈ အခြေခံဥပဒေအချို့ကို လွှတ်တော်မှတဆင့်ပြုပြင်ပြောင်းလဲသွားရန်စီစဉ်နေကြောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဟန်ရွှေကပြောသည်။

တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေးကို နိုင်ငံတဝှန်းမှ ကော်မတီဝင် ၁၄၀ ကျော်ဖြင့် မေလ ၉ ရက်နေ့မှ ၁၀ ရက်နေ့ထိ ကျင်းပခဲ့ကာ ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးကို လွှတ်တော်တွင်းမှ ဆောင်ရွက်မည်ဟုဆုံးဖြတ်ခဲ့ကြပြီး ထို့အတွက် ဥပဒေရေးရာကော်မတီဖွဲ့၍ စိစစ်နေပြီလည်းဖြစ်သည်။

"အခုကတော့ စိစစ်နေတုန်းပါပဲခင်ဗျ။ Democratic characters ပေါ့။ ဒီဟာနဲ့သိပ်ပြီးတော့ကွဲလွဲနေတဲ့ ဆန့်ကျင်နေတဲ့ဟာမျိုးပေါ့လေ။ ဒါကို လွှတ်တော်တွင်းနိုင်ငံရေးအရ လွှတ်တော်နည်းလမ်းနဲ့ပဲ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ဦးဟန်ရွှေက မဇ္ဈိမကိုပြောသည်။ မည်သည့်အချက်များဖြစ်သည်ကိုမူ အသေးစိတ်ပြောဆိုခြင်း မပြုပေ။

နှစ်ပေါင်း ၂၀ အကြာ၌ ပထမဆုံးပြန်လည်ပြုလုပ်သည့် တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေးတွင် ကာလတလျှောက် ပါတီလုပ်ဆောင်ချက်များနှင့် ဆက်လက်လုပ်ကိုင်မည့် စည်းရုံးရေး နိုင်ငံရေးနှင့်ဘဏ္ဍာရေးလုပ်ငန်းစဉ်များကိုပါ ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

၁၉၉၀ နှင့် ၁၉၉၁ ခုနှစ်တွင် အလားတူအစည်းအဝေးမျိုး ကျင်းပခဲ့ကာ ပါတီမူဝါဒစည်းမျဉ်းများအရ ပုံမှန်စည်းဝေးရန်ရှိသော်လည်း ကော်မရှင်အကန့်အသတ်များကြောင့် မလုပ်နိုင်ခဲ့ကြောင်း ဦးဟန်ရွှေကပြောသည်။

ပါတီအဖွဲ့ဝင်ပေါင်း ၇ သိန်းရှိသည့် တစည အနေဖြင့် ဘဏ္ဍာငွေတောင့်တင်းရန်အတွက် စီးပွားရေးလုပ်ငန်းများ ထူထောင်သွားမှာမဟုတ်ဘဲ ပါတီဝင်တဦးကို နှစ်စဉ် ကျပ် ၁၀၀ စီ ကောက်ခံသွားမှာဖြစ်သည်။ ၎င်းတို့ပါတီကိုလိုလားသည့် ပုဂ္ဂိုလ်များ ထံမှလှူဒါန်းငွေများနှင့်ပါဆက်သွားမည်ဟု ဦးဟန်ရွှေကဆိုသည်။ ပြည်ပနိုင်ငံများမှအကူအညီငွေများကိုမူ လက်ခံသွားမှာမဟုတ်ဟုလည်း ပြောဆိုသည်။

ကြံ့ဖွံ့ပါတီပြီးလျှင် အမတ် ၆၄ နေရာဖြင့် ဒုတိယလိုက်သည့် တစည သည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လ လွှတ်တော် ၃ ရပ် အစည်းအဝေးများတွင် အဆိုတင်သွင်းမှု ကန့်ကွက်မှုများ မပြုလုပ်ခဲ့ပေ။

အာဏာရှင်ဟောင်းဦးနေဝင်းဦးဆောင်သော ၂၆ နှစ်ကြာ တပါတီစနစ်ဖြင့်အုပ်ချုပ်ခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) သည် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတဝှန်း ဒီမိုကရေစီရေးတောင်းဆိုသော လူထုအုံကြွမှုကြောင့် ပျက်သုဉ်းခဲ့ပြီး၊ နောက်ပိုင်းတွင် (တစည) အဖြစ် အမည်နှင့် ခေါင်းဆောင်မှုပါပြောင်းလဲ၍ အမွေဆက်ခံခဲ့သည်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ဖာပွန်ခရိုင်အတွင်း လူ ၉၀၀၀ နီးပါး အစာရေစာပြတ်လပ်

**DVB ၊ မေ ၁၂။** ။ ကရင်ပြည်နယ် ဖာပွန်ခရိုင် လူသောမြို့နယ်အတွင်းက ရွာပေါင်း ၁၁၈ ရွာက လူပေါင်း ၉၀၀၀ နီးပါးဟာ နှစ်ပေါင်းများစွာ စစ်မက်ဒဏ်ကြောင့် လယ်ယာလုပ်ကိုင်နိုင်တဲ့နေရာတွေ နည်းပါးလာသလို ရာသီဥတု မမှန်ကန်မှုကြောင့် စာနပ်ရိက္ခာအကျပ်အတည်းနဲ့ကြုံတွေ့နေရတယ်လို့ ကရင်လူ့အခွင့်အရေး အဖွဲ့က ပြောပါတယ်။

ကရင်ပြည်နယ်အတွင်းမှာ ရေရှည်ထိုးစစ်ဆင်မှု ၉၆–၉၇ မှာ အပြင်းထန်ဆုံးဖြစ်ပွားပြီး နောက်ပိုင်း ဖာပွန်ခရိုင်မြောက်ပိုင်းဘက်က ကရင်ပြည်သူတွေရဲ့ လယ်၊ ခြံတွေနဲ့ နီးတဲ့နေရာမှာ စစ်တပ်စခန်း လာချထားတဲ့အတွက် ရွာသားတွေက သူတို့ရွာထဲမှာ မနေရဲတော့ဘဲ တောင်ယာလုပ်ငန်းတွေသာ လုပ်ကိုင်နေရလို့ စားနပ်ရိက္ခာပြတ်လပ်ပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့ရဲ့ ကွင်းဆင်းတာဝန်ခံ စောအဲလ်ဘတ်က အခုလို ပြောပါတယ်။

“တောင်ယာပဲလုပ်ရတဲ့အခါမှာ တောင်ယာတယာခုတ်လို့ရှိရင် အနည်းဆုံး ၇ နှစ် ထားပြီးမှ အလုပ်လုပ်စားလို့ ရတယ်။ အခုက အဲဒီလိုမလုပ်နိုင်တော့ဘဲ နေရာတွေက တဖြည်းဖြည်း ကျဉ်းလာတော့ ယာတယာတည်းမှာပဲ မိသားစု ၂ စု ၃ စု အဲဒီလိုမျိုး ပေါင်းလုပ်နေရတယ်။ မြေဩဇာမကောင်းတဲ့အတွက်ကြောင့် စပါးက ထွက်သင့်သလောက်မထွက်ဘူး။ နောက် အကြောင်းရင်းတခုက ၂၀၁၀ ထဲမှာဖြစ်နေတဲ့ ရာသီဥတု ဖောက်ပြန်မှုကြောင့် အစားအစာပြတ်လပ်မှု ပြဿနာတွေလည်းဖြစ်တယ်။။

ဒ့ါအပြင် လက်ရှိလူသောမြို့နယ်အတွင်းမှာ မြန်မာအစိုးရတပ်ကကားလမ်းတခု ဖောက်လုပ်နေတဲ့အတွက် ရွာသားတွေဟာ တခြားဒေသတွေ ဆီသွားပြီး စားနပ်ရိက္ခာဝယ်ယူဖို့ မလွယ်ကူဘူးလို့ဆိုတယ်။ ဒေသခံကူညီကယ်ရေးအဖွဲ့တွေကလည်း ငွေကြေးမပြည့်စုံမှုနဲ့ သွားလာရေးအခက် အခဲတွေကြောင့် အဲဒီဒေသတွေဆီကိုမကူညီနိုင်ဘူးလို့ စောအဲလ်ဘတ်က ပြောပါတယ်။ ဒ့ါကြောင့် ဒေသခံရွာသားတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စားဝတ်နေရေးအတွက်ဖြေရှင်းရပုံကိုလည်း စောအဲဘတ်က အခုလိုရှင်းပြပါတယ်။

“အခုကျနော်တို့ သုတေသနလုပ်တဲ့အချိန်မှာ အနည်းဆုံး လူဦးရေ ၈၈၁၅ ယောက်လောက် အစာရေစာပြတ်လပ်မှုနဲ့ ကြုံတွေ့နေရတယ်။ ဒီ ၂၀၁၁ ကောက်ရိတ်ချိန်အထိ သူတို့ အစားအစာတွေက အလျှင်မမီဘူး။ သူတို့မှာ ရလိုရညား နေရာတွေမှာ သက်စွန့် ဆံဖျား သွားရှာစာပေမယ့် သူတို့ရလာတဲ့ ဆန်အနေအထားပေါ်မှာ မူတည်ပြီးတော့ အခြားအသီးအနှံတွေနဲ့ ရောပြီးတော့ စားမယ်။ အရင်က ၃ နပ်စားတယ် ဆိုလို့ရှိရင် အခု တနပ်လောက်ပဲ စားမယ်။ အဲဒီလို ဖြေရှင်းနေရတယ်။ တချို့ကျတော့လည်း ဘယ်ကိုမှလည်း မသွားမလာတတ်ဘူး ဆိုရင် အစာငတ်သေနေတဲ့ လူလည်းရှိရင် ရှိမယ်ပေ့ါ”။

လူသောမြို့နယ်က ပြည်သူတွေ အခုလို အစာရေစာပြတ်လပ်မှုပြဿနာနဲ့ ကြုံတွေ့နေရလို့ သက်ဆိုင်ရာ အလှူရှင်တွေလည်း ကူညီကြဖို့နဲ့ လက်ရှိအစိုးရသစ်ကလည်း ပြည်သူတွေကို တိုက်ခိုက် ထိုးစစ်ဆင်တာမလုပ်ဘဲ တပ်တွေနောက်ဆုတ်ပေးဖို့ တောင်းဆိုသွားပါတယ်။ ကရင်လူ့အခွင့်အရေးအဖွဲ့ကို ၁၉၉၂ ခုက စတင်ဖွဲ့စည်းပြီး မြန်မာပြည်တွင်းရှိ ကျေးရွာတွေနဲ့ မြို့နယ် လူထုရဲ့ တိုက်ရိုက် သက်သေခံပြောဆိုချက်တွေကို မှတ်တမ်းတင်ပြုစုပြီး အစီရင်ခံစာ ထုတ်ပြန်ထားပါတယ်။

---

# ကုလအကြံပေးပုဂ္ဂိုလ် မြန်မာပြည်သွားမည်

**VOA ၊ မေ ၁၀ ။** ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အကြံပေးပုဂ္ဂိုလ်ဟာ ဒီသီတင်းပတ်အတွင်း မြန်မာနိုင်ငံကိုသွားရောက်ဖို့ ရှိတယ်လို့ မြန်မာအစိုးရတာဝန်ရှိသူက ပြောဆိုလိုက်ပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon က မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ယာယီတာဝန်ပေးအပ်ထားတဲ့ Mr. Vijay Nambiar ဟာ မေလ ၁၂ ရက်နေ့ ကြာသပတေးနေ့မှာ မြန်မာနိုင်ငံကိုရောက်ရှိမှာဖြစ်တယ်ဆိုတဲ့ မြန်မာအစိုးရတာဝန်ရှိသူရဲ့အပြောကိုကိုးကားပြီး ရန်ကုန်ကလာတဲ့သတင်းတွေမှာ ဖော်ပြလိုက်တာပါ။ မစ္စတာ ဗီဂျေးနမ်ဘီယားရဲ့ သုံးလေးရက်ကြာမယ့်ဒီခရီးစဉ်အတွင်းမှာ သမ္မတဦးသိန်းစိန်နဲ့တွေ့ဆုံဖို့အစီအစဉ်ရှိမရှိမသေချာပေမဲ့ နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်နဲ့တွေ့ဆုံဖို့ စီစဉ်ထားတယ်လို့ ဆိုပါတယ်။

ဒ့ါအပြင် မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်းတွေ့ဆုံမယ်လို့ မြန်မာအစိုးရတာဝန်ရှိသူတွေရဲ့ ပြောဆိုချက်ကိုကိုးကားပြီး သတင်းတွေမှာဖော်ပြထားပါတယ်။

NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေခွဲထွက်ခဲ့တဲ့ NDF အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ခေါင်းဆောင်တွေနဲ့လည်း တွေ့ဖို့ အစီအစဉ်ရှိတယ်လို့ NDF ပါတီ ပြောခွင့်ရသူကပြောပါတယ်။

မစ္စတာ ဗီဂျေး နမ်ဘီယားဟာ ၂၀၁၀ ပြည့်နှစ် မနစ်က နိုဝင်ဘာလကုန်ပိုင်းမှာ မြန်မာနိုင်ငံကိုရောက်ရှိခဲ့စဉ် စစ်အစိုးရခေါင်းဆောင်ပိုင်းနဲ့ရော အဲဒီအချိန်က နေအိမ်အကျယ်ချုပ်က လွတ်မြောက်ခါစ မြန်မာ့ဒီမိုကရေစီရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသေးတယ်။ စစ်အစိုးရဖျက်သိမ်းပြီး သမ္မတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရ သစ်တက်ပြီးနောက်ပိုင်း မစ္စတာဗီဂျေး နမ်ဘီယားရဲ့ မြန်မာနိုင်ငံ ပထမဆုံးခရီးစဉ်လည်းဖြစ်ပါတယ်။

# စာရင်းရှိပြီး လူမရှိသူများ ပယ်ဖျက်မည်

**DVB ၊ မေ ၁၂။** ။ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်ထဲက အုန်းဖျံနဲ့ မယ်လ ဒုက္ခသည်စခန်း ၂ ခုမှာ မေ လ ၂၃ ရက်လောက်ကစပြီး တာ့ခ်ခသယရိုင် ဥက္ကဋ္ဌရဲ့ ညွှန်ကြားချက်နဲ့ အိမ်ထောင်စုစာရင်း၊ လူဦးရေစာရင်းတွေ ကောက်ခံဖို့ ပြင်ဆင်နေပြီး စာရင်းရှိပြီး စခန်းတွင်း လူမနေရင် စာရင်းထဲက ပယ်ဖျက်ခံရမယ်လို့ ထိုင်းအာဏာပိုင်တွေက ပြောပါတယ်။

အခုလ ၆ ရက်နေ့က ဒုက္ခသည်ကော်မတီတွေနဲ့ ထိုင်းလုံခြုံရေးတာဝန်ခံတွေ တွေ့ဆုံချိန်မှာ လုံခြုံရေးတာဝန်ခံက ပြောဆိုလိုက်တယ်လို့ မယ်လ ဒုက္ခသည် စခန်းဥက္ကဋ္ဌစောထွန်းထွန်းက ပြောပါတယ်။ မယ်လ ဒုက္ခသည်စခန်းရဲ့ ထိုင်းလုံခြုံရေးတာဝန်ခံကိုယ်တိုင် ဝင်ရောက်စစ်ဆေးမှာဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ခရီးလွန်နေသူတွေ အချိန်မီပြန်လာကြဖို့ စောထွန်းထွန်းက ပြောပါတယ်။

“ဒီအစီအစဉ်က ယူအန်မှတ်ပုံတင်တာတို့ ထိုင်းအစိုးရက ဒုက္ခသည်ကို တရားဝင်မှတ်ပုံတင်တာတို့နဲ့ လုံးဝမသက်ဆိုင်ဘူး။ အခု ဒုက္ခသည်စခန်းမှာ လူဦးရေအားလုံး ဘယ်လောက်ရှိတယ်ဆိုတာ သူတို့သိချင်လို့။ စာရင်းပဲရှိတယ် လူမရှိဘူးဆိုရင် အဲဒီလူတွေကို ပယ်ဖျက်သွားမယ်။ ပြန်လာနိုင်ရင်တော့ အကောင်းဆုံးပေ့ါ။ မပြန်လာရင်တော့ သူတို့ ပျယ်ဖျက်ခံထိမှာပဲ။ ”

ဒီစစ်ဆေးမှုမှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနဲ့ ဒုက္ခသည်တွေကို စားနပ်ရိက္ခာကူညီပေးနေတဲ့ TBBC အဖွဲ့တွေ ပါဝင်မှာမဟုတ်ဘူးလို့ သိရပါတယ်။ ပြီးခဲ့တဲ့ဧပြီလအတွင်း တာ့ခ်ခရိုင်ဝန် နိုင်စမလွိုင်ဖာ့က ထိုင်း–မြန်မာနယ်စပ်မှာရှိတဲ့ ဒုက္ခသည်တွေကို ပြန်ပို့ဖို့ စီစဉ်မယ်လို့ပြောဆိုခဲ့ပြီးနောက် အခု စခန်းတွင်း လူစာရင်းကို စစ်ဆေးဖို့ပြင်ဆင်နေတာ ဖြစ်ပါတယ်။ တာ့ခ်ချိုင်အတွင်း အုန်းဖျံ၊ မယ်လနဲ့ နိုးဘိုး စတဲ့ ဒုက္ခသည်စခန်းကြီး ၃ ခု ရှိတဲ့ထဲမှာ မယ်လစခန်းဟာ အကြီးဆုံး ဒုက္ခသည်စခန်းဖြစ်ပြီး လူဦးရေ ၅ သောင်းကျော်နေထိုင်ပါတယ်။ မယ်လစခန်းမှာ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၁ အထိ တတိယနိုင်ငံကို ထွက်ခွာသွားသူပေါင်း ၂ သောင်းကျော်ပြီး ထပ်မံသွားရောက်ဖို့ ရှောက်ထားသူ အများအပြားရှိတယ်လို့ စောထွန်းထွန်းက ပြောပါတယ်။

**ပြက္ခဒိန်မှ**

**မေ ၁၁။** Mizzima ။ ။ စာရေးဆရာနတ်နွယ် ခေါ် မိုးဇော်ဟိန်း ၇၆ သည် ရန်ကုန်တွင် မေ ၁၁ တွင်ကွယ်လွန်၏။

**မေ ၁၁။** Mizzima ။ ။ မျက်မှောက်ကျွန်ုပ်တို့ မြန်မာများ၏ ကြွေးကြော်သံသည်ကျွန်ုပ်တို့၏ လွတ်လပ်ရေးကြိုးပမ်းမှုအောင်မြင်ရေး ဒို့ အရေးဟု ဖြစ်သင့်ကြောင်း သူ၏ ၉၃ နှစ်မြောက်မွေးနေ့တွင် ဤသတင်းဌာနအမေးတွင် ဒဂုန်တာရာ ဦးဌေးမိုင် မှဆို၏။

**မေ ၁၁။** DVB ။ ။ ဥရောပသမဂ္ဂသည် မြန်မာအပေါ် ပိတ်ပင်ထားမှုများကို ထပ်ဆင့်လျှော့ဖွယ်ရှိကြောင်း မြန်မာအစိုးရသစ်၏ ကုန်သွယ်ရေးအဖွဲ့ Union of Myanmar Federation of Chambers of Commerce and Industry ( UMFCCI) မှဆို၏။

**မေ ၁၁။** DVB ။ ။ အဲန်အဲလ်ဒီသည် နိုင်ငံရေးအကျဉ်းသားများ၏သားသမီးများ ပညာသင်ကြားမှုပိုမိုအဆင်ပြေစေရန် ကျောင်းသူကျောင်းသား ၁၂၃ ဦးတို့အား ကျပ် ၄၀ ၀၀၀ စီထောက်ပံ့နိုင်ခဲ့၏။

**မေ ၁၁။** DVB ။ ။ ရန်ကုန်သွေးလှူအသင်းမှ ဦးညီညီဦးဆောင်၍ ဂျွန် ၁၈ တွင် အခမဲ့ပညာသင်ကျောင်းဖွင့်လှစ်မည်။

**မေ ၁၂။** AFP ။ ။ မြန်မာအစိုးရသစ်အား အလုပ်ဖြင့်သက်သေပြရန် အခွင့်အလမ်းပေးသင့်သည်ဟု မြန်မာရောက် ကုလအထူးသံ Vijar Nambiar ၏ ပြောကြားချက်ကို ဒေါ်အောင်ဆန်းစုကြည်မှလက်ခံနိုင်ကြောင်း။

**မေ ၁၂။** AFP ။ ။ ကုလအထူးသံ Vijar Nambiar သည် အစိုးရသစ်နှင့်လည်းကောင်း ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီးနောက် အစိုးရသစ်သည် အလွန်စိတ်ဝင်စားဖွယ်အချက်အချို့ထုတ်ပြန်ခဲ့ပြီး ၎င်းသည် အားရဖွယ်ဖြစ်ကြောင်း Nambiar မှဆို၏။

**မေ ၁၂။** Malay Mail ။ ။ မြန်မာဒုက္ခသည် Salai Zaw Ki ဦး နှင့် Pan Hung တို့အား အခြားမြန်မာဒုက္ခသည်တဦး Peng Thung အားသတ်မှုဖြင့် စွဲဆိုထား၏။

**မေ ၁၂။** BERLIN ။ ။ မြန်မာ၏နောင်ရေးကို ဒေါ်အောင်ဆန်းစုကြည်နှင့် Hertie အုပ်ချုပ်မှုကျောင်းတို့ ဂျာမန် Deutsche Welle ဂျာမန်ရုပ်သံမှကြီးမှူး၍ ကျင်းပခဲ့ပြီး ယခုအပတ်တွင်ရုပ်သံများလွှင့်မည်။

**မေ ၁၂။** Indiana NewsCenter ။ ။ Indianapolis, Fortwayne စသည်တို့ရောက် မြန်မာမှဒုက္ခသည်များတွင် မိမိတို့တိုင်းရင်းဘာသာစကားကိုပင် မရေးမဖတ်တတ်သူများပါသဖြင့် အင်္ဂလိပ်စာသင်ခြင်း မြန်မာဘာသာပြန်စာတမ်းများဖတ်ခြင်းပင် ခက်ခဲနေသေးကြောင်း။

**မေ ၁၂။** Irrawaddy ။ ။ ပြည်ထောင်စုစနစ်နှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာအမည်မဖော်ပြသေးသော ပညာရှင်များသို့တောင်းခံထားကြောင်း။

**မေ ၁၂။** WTN ။ ။ မြန်မာစစ်တပ်သည် လူမမည်စစ်သည်များအား ဆက်လက်စုဆောင်းနေသေးကြောင်း ကုလမှဆို၏။

**မေ ၁၂။** Mizzima ။ ။ အဲန်အဲလ်ဒီနှင့်ဆက်သွယ်မှုရှိသော ဗေဒါသိပ္ပံအား နေရာရွှေ့ရန် အာဏာပိုင်များမှ အကြိမ်ကြိမ်ပြောဆိုနေ၏။

**မေ ၁၂။** DVB ။ ။ ရန်သူမှပစ်ခတ်၍ ကော့ကရိတ်အနီး ကရင်ဆေးရုံတခု အပစ်အခတ်ခံရကာ လူသေကြေမှုမသိရသေး။

**မေ ၁၃။** DVB ။ ။ တရုပ်စစ်အရာရှိများ မြန်မာသို့လာစဉ် နယ်စပ်သူပုန်ကိစ္စများ ဆွေးနွေးဖွယ်ရှိ၏။

**မေ ၁၃။** DVB ။ ။ ကရင်ပြည်နယ်တွင် လူကိုးထောင်ခန့်သည် စစ်အခြေအနေများကြောင့် အစာရေစာငတ်မွတ်ခေါင်းပါးမှုနှင့်ရင်ဆိုင်နေရကြောင်း KHRG မှဆို၏။

**မေ၁၃။** Mizzima ။ ။ အမေရိကန်အထူးသံသည် ကုလအထူးသံထက် အကျိုးသက်ရောက်ဟုအဲန်အဲလ်ဒီမှဆို၏။

**မေ ၁၃။** UNIC ။ ။ မြန်မာတွင်ဆွေးနွေးပြီးနောက် ကုလအထူးသံသည် မြန်မာအပေါ်အမြင်ကိုထုတ်ပြန်ကြေညာ၏။

**မေ ၁၃။** NayPyi Taw ။ ။ တရုတ်ပြည်ဗဟိုတပ်မတော်ကော်မရှင်မှ Xu Caihou သည် နေပြည်တော်တွင် စစ်တပ်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်တွေ့ဆုံဆွေးနွေး၏။

**မေ ၁၃။** Mizzima ။ ။ ဂျိုးဖက်ဘော် Joseph Ball ရေးသားသည့် စစ်အစိုးရအုပ်ချုပ်ခံ မြန်မာပြည်တွင် ခေတ်မီဒီမိုကရေစီစနစ်တည်ဆောက်ရေးဆန့်ကျင်တိုက်ပွဲဝင်ဖြင်း Confronting Democratic Modernity in Militray-ruled Burma ကို မဇ္ဈိမမီဒီယာမှ ယနေ့ထုတ်ဝေဖြန့်ချိ၏။

**မေ ၁၃။** Freedom and Hoves News, UK ။ ။ ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံ Freedom of Brighton and Hove ဆုကို မေ ၁၉ တွင် အဝေးရောက်ချီးမြှင့်မည်။

**မေ ၁၃။** HONG KONG ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ ဘဝလှုပ်ရှားမှုသရုပ်ဖော် The Lady ရုပ်ရှင်သည် မြန်မာအခြေအနေနှင့်ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာမှပိုမိုအာရုံပြုလာစေမည်ဟုမျှော်လင့်ကြောင်း ထိုရုပ်ရှင်တွင် ဒေါ်အောင်ဆန်းစုကြည်အခန်း သရုပ်ဆောင်သည့် Michelle Yeoh မှဆို၏။

**မေ ၁၃။** Asian Correspondent ။ ။ နအဖ တဖြစ်လဲ မြန်မာအစိုးရသစ်၏ အပေါ်ယံပြောင်းလဲမှုကို အပြောင်းအလဲအတွက် လက္ခဏာကောင်းဟု ကုလအထူးသံ နမ်ဘီယားဆိုနေခြင်းသည် မိမိတို့အားနှိပ်ကွပ်သူများအား သက်ဆိုးရှည်နေခြင်းမည်သဖြင့် မြန်မာပြည်သားများအား အမျက်ဒေါသပင်ထွက်စေကြောင်း စာရေးသူ Francis Wade မှဝေဖန်၏။

**မေ ၁၃။** Asian Tribune ။ ။ မြန်မာတပ်များ၏တိုက်ခိုက်မှုများကြောင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တွင် လူများထွက်ပြေးနေရမှု အစာရေစာရှားပါးမှု လူသားဆိုင်ရာဒုက္ခကို အပြည်ပြည်ဆိုင်ရာကူညီမှုများပြုရန် Chrisan Solidarity Worldwide မှ မြန်မာသို့လာမည့် ကုလအထူးသံ Nambiar မှတောင်းဆို၏

**မေ ၁၄။** Sydney Morning Herald ။ ။ စစ်အစိုးရချုပ်ကိုင်သည့် အစိုးရသစ်အား စေ့စပ်စွာသုံးသပ်စောင့်ကြည့်ရန် သြစတေးလျနိုင်ငံအား ဒေါ်အောင်ဆန်းစုကြည်မှ ဗွီဒီယိုဖြင့်မေတ္တာရပ်ခံ၏။

**မေ ၁၄။** BP ။ ။ ထိုင်းအစိုးရသည် ထိုင်းရှိ တရားမဝင်လုပ်သားများမှတ်ပုံတင်ရန် နောက်ဆုံးအကြိမ်သတိပေး၏။

**မေ ၁၄။** DVB ။ ။ နော်ဝေ ဒုဝန်ကြီးအဖွဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် မေ ၁၃ တွင်တွေ့ဆုံခဲ့၏။

# ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးတွေ သတင်းစာရှင်းလင်းပွဲပြုလုပ်

**VOA | မေ ၁၀ ။** ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဝန်ကြီးနဲ့ ရန်ကုန်တိုင်းအခြေစိုက် ပြည်တွင်းသတင်းဂျာနယ်က သတင်းထောက်တွေ ဒီကနေ့တွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲတခု ပြုလုပ်ပါတယ်။

လက်ရှိနိုင်ငံရေးအခြေအနေတွေကို ရှင်းလင်းပြောဆိုတာ မပါဝင်ဘဲ လူမှုရေးနဲ့စီးပွားရေးအခြေအနေတွေသာ ဝန်ကြီးက ပြောပြခဲ့သလို အပတ်စဉ် အင်္ဂါနေ့ညနေတိုင်းလည်း သတင်းစာရှင်းလင်းပွဲ လုပ်သွားမယ်လို့ပြောပါတယ်။

ဒါပေမဲ့ သတင်းထောက်တွေ ဘယ်လောက်ထိ လွတ်လွတ်လပ်လပ် မေးမြန်းခွင့်ရမလဲဆိုတာနဲ့ အခြေအနေအမှန်ရေးသားခွင့်တွေရနိုင်ပါ့မလားဆိုတဲ့အပေါ်ကိုတော့ မေးခွန်းထုတ်နေကြပါတယ်။

မေလ ၁၀ ရက် အင်္ဂါနေ့ ညနေ ၅ နာရီက ရန်ကုန်တိုင်းပြည်သူ့လွှတ်တော်အဆောက်အဦးထဲမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကဝန်ကြီးနဲ့ ရန်ကုန်တိုင်းအခြေစိုက် ပြည်တွင်းဂျာနယ်သတင်းသမားတွေ ပထမဆုံးတွေ့ဆုံပြီး သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့ပါတယ်။ သတင်းဂျာနယ်တော်တော်များများက သတင်းထောက်တွေတက်ခဲ့ကြသလို ပညာရေး ကျန်းမာရေးနဲ့နိုင်ငံခြားရေးရာအပြင် သိပ္ပံနဲ့ နည်းပညာ လူဝင်မှုကြီးကြပ်ရေးနဲ့ အားကစားဌာနဆိုပြီး နေရာ ၆ ခုကိုင်ထားတဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ဦးဉာဏ်ထွန်းဦးနဲ့ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းတို့ ၂ ဦးက အစိုးရသစ်အဖွဲ့လုပ်ငန်းတွေနဲ့ပတ်သက်ပြီး သတင်းထောက်တွေကို ရှင်းပြခဲ့ပါတယ်။

လက်ရှိ ရန်ကုန်တိုင်းအတွင်းက လူမှုရေး စီးပွားရေးဆိုင်ရာကိစ္စတွေနဲ့ပတ်သက်လို့ အစိုးရအဖွဲ့က ဘာတွေလုပ်မယ်၊ ဘယ်လိုပြင်ဆင်ထားတယ်ဆိုတာ သူတို့ ရှင်းလင်းပြခဲ့ပေမဲ့ သူတို့ ရှင်းပြခဲ့တဲ့ အခြေအနေထဲမှာ လက်ရှိသတင်းဂျာနယ်တွေမှာဖော်ပြနေတဲ့ အကြောင်းအရာတွေထက် သိပ်ထူးထူးခြားခြား မပါလာဘူးလို့ သတင်းထောက်တွေကပြောပါတယ်။ အထူးသဖြင့် နိုင်ငံရေးနဲ့ပတ်သက်တဲ့အခြေအနေတွေမပြောခဲ့သလို အချိန်သိပ်မရတဲ့အတွက် သတင်းသမားတွေဘက်ကလည်း မေးခွန်းများများ မမေးလိုက်ရဘူးလို့ ပြောကြပါတယ်။

ဒါပေမဲ့ အပတ်စဉ် အင်္ဂါနေ့ ညနေတိုင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ရှိသူတွေနဲ့ သတင်းသမားတွေ တွေ့ဆုံပြီး အပတ်စဉ် သတင်းစာရှင်းလင်းပွဲလုပ်သွားမယ်ဆိုတာကို ဝန်ကြီးက ပြောသွားတယ်လို့ ဒီသတင်းစာရှင်းလင်းပွဲအကြောင်းသိထားတဲ့ သတင်းအယ်ဒီတာ တဦးကပြောပါတယ်။

"နောက်ဆိုရင် သူတို့ အပတ်စဉ်အင်္ဂါနေ့တိုင်းမှာ သတင်းစာရှင်းလင်းပွဲခေါ်လုပ်မယ်လို့ပြောတယ်။ အခုလက်ရှိကတော့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးဌာနအဖွဲ့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေကတော့ ရေစီးရေလာကောင်းမွန်အောင်လုပ်မယ်၊ လမ်းပိတ်ဆို့မှုတွေ၊ ယာဉ်ကြောပိတ်ဆို့မှုတွေကို သူတို့ ပြဿနာတွေရှင်းမယ်၊ နောက် ဆင်းရဲသားတွေအတွက် ကျူးကျော်အိမ်တွေဖျက်ပြီး တန်ဖိုးနည်း အိမ်ရာတွေ ဆောက်ပေးမယ်၊ အဲဒီစီမံကိန်းတွေတော့ ရှိတယ်လို့ပြောတယ်။

"လာဘ်ပေးလာဘ်ယူကတော့ ရှိတာတော့ ရှိနေတာပေါ့၊ ဒါပေမဲ့ သူတို့ ပျောက်ပျက်အောင်လုပ်သွားမယ်ဆိုတဲ့ပုံစံမျိုးတော့ ပြောတယ်။ ဒါပေမဲ့ ဒီဟာက ချက်ချင်းတော့မဖြစ်နိုင်ဘူးဆိုပြီးတော့ပြောသံ ကြားတယ်။ နောက် သတင်းထောက်တွေထဲကလည်း ထမေးတာ သူတို့ အချိန်အကန့်အသတ်နဲ့ပဲ မေးခွင့်ပြုတယ်ပြောတယ်။ ဘာမှသိပ်ပြီး ဒီနေ့က ထူးထူးခြားခြား မေးခဲ့ သိခဲ့တာ အများကြီးမရှိဘူးလို့တော့ပြောတာပဲ။"

ဒီကနေ့ကတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တွင်းက လုပ်ငန်းတွေကို သတင်းသမားတွေခေါ်ယူအသိပေးတဲ့အဆင့်လောက်ပဲရှိတယ်လို့သုံးသပ်ကြပါတယ်။ ဒါပေမဲ့ နောက်တပတ်တွေအတွင်း ဆက်လုပ်မယ့် သတင်းစာရှင်းလင်းပွဲတွေမှာ ဘယ်လောက်ထိ မေးခွင့်ရမယ် ဘယ်အတိုင်းအတာထိ ပြန်ရေးခွင့်ရမယ်ဆိုတာနဲ့အတူ စာပေစိစစ်ရေးက ဘယ်လိုခွင့်ပြုမလဲဆိုတဲ့အပေါ်ကိုလည်း မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ပြည်တွင်းသတင်းအယ်ဒီတာတဦးကတော့ အစိုးရအဖွဲ့ကသူတို့ရဲ့လုပ်ဆောင်ချက်တွေကိုအသိပေးတဲ့ပုံစံသာဖြစ်နိုင်ပြီးနိုင်ငံ ရေးနဲ့ဆက်နွယ်တဲ့မေးခွန်းနဲ့ သတင်းတွေကိုတော့ ကန့်သတ်ထားနိုင် တယ်လို့ သုံးသပ်ပါတယ်။

"သတင်းမီဒီယာတွေကို သူတို့ဘက်ကို ဒီဟာတွေ ဒီဟာတွေကို ဒီလိုဘောင်တွေထဲက ဒီလိုရေးလို့ရတယ်၊ ဒီလို ဒီလို ရေးကြပါဆိုတဲ့ သဘောမျိုး Guide Line သဘောမျိုးပဲ ဖြစ်ပါလိမ့်မယ်။ နိုင်ငံရေးနဲ့ပတ် သက်တာကိုတော့ သူတို့က အထူးတားမြစ်ထားဦးမှာပါပဲ။ ပြီးတော့ တချို့သတင်းတွေကိုလည်း သူတို့ရေးစေချင်တဲ့ပုံသဏ္ဌာန်အတိုင်းပဲ ရေးမှ ခွင့်ပြုပါလိမ့်မယ်။ အခုခေါ်တွေ့တဲ့ ကိစ္စကိုသည်ပင်လျှင် သူတို့ရေးစေချင်တဲ့ရှုထောင့်က ရေးမှအဆင်ပြေမှာပါ။ နို့မို့ဆို အဆင်မပြေပါဘူး။"

ပြည်တွင်းသတင်းအယ်ဒီတာတဦးသုံးသပ်ပြခဲ့တာဖြစ်ပါတယ်။ အခုလို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သတင်းသမားတွေ အပတ်စဉ်တွေ့ဆုံပြီး သတင်းတွေမေးမြန်းခွင့်ရမယ်ဆိုတဲ့အတွက် ဝန် ကြီးဌာနတွေမှာ သတင်းသွားယူရာမှာ ကြုံနေရတဲ့အခက်အခဲတွေ လျော့ကျသွားနိုင်မှာဖြစ်ပေမဲ့ သူတို့မေးမြန်းလို့ သိထားရတဲ့ အကြောင်း အရာတွေကို စာမျက်နှာတွေက ဖော်ပြခွင့်မပေးဘူးဆိုရင်တော့ သူတို့ရဲ့ လုပ်အားတွေ အလဟဿဖြစ်မှာကိုလည်း သတင်းသမားတွေက စိုးရိမ်နေကြပါတယ်။

# ဦးမောင်မောင်ကိစ္စ အစီရင်ခံစာတင်

**DVB | မေ ၁၂ ။** ။ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB အထွေထွေအတွင်းရေးမှူးဦးမောင်မောင် မြန်မာနိုင်ငံကို လျှို့ဝှက်သွားရောက်တယ်ဆိုပြီး စွပ်စွဲချက်နဲ့ပတ်သက်လို့စုံစမ်းရေးကော်မရှင်က အခုလ ၅ ရက်နေ့ကအစီရင်ခံစာတင်တယ်လို့ NCUB အသိုင်းအဝိုင်းကပြောပါတယ်။

အခုလ ၅ ရက်နေ့က NCUB သဘာပတိအဖွဲ့နဲ့ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးမှာ စုံစမ်းရေးကော်မရှင်က အစီရင်ခံစာတင်ခဲ့ပေမယ့် သဘာပတိမစုံလို့ အစည်းအဝေးအထမမြောက်ဘဲ ဒီအစီရင်ခံစာကို လက်ခံရယူနိုင်တဲ့ အခြေအနေမရှိဖြစ်ခဲ့ပါတယ်။ ဒီလအတွင်း ထပ်မံကျင်းပမယ့် အစည်းအဝေးကျရင် သဘာပတိစုံစုံညီညီတက်ရောက်လက်ခံရယူပြီးမှ ဆွေးနွေးမှာဖြစ်တယ်လို့ ဆိုပါတယ်။ စုံစမ်းရေးကော်မရှင်ဟာ NCUB အထွေထွေအတွင်းရေးမှူးဦးမောင်မောင် မြန်မာပြည်ကိုသွားခဲ့တယ်ဆိုပြီးမြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ်ဘဏ္ဍာရေးမှူးဟောင်းကိုဇော်ထွန်းက ဒီနှစ်ဆန်းပိုင်းမှာ ပြောဆိုခဲ့ပြီး ဦးမောင်မောင်ဘက်ကလည်း မဟုတ်မှန်ကြောင်း ပြောဆိုချက်တွေအပေါ်စစ်ဆေးတာဖြစ်ပါတယ်။ အဲဒီအစီရင်ခံစာအတွက် အဖွဲ့ဝင် လေးဦးပါ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းစစ်ဆေးခဲ့တာဖြစ်ပါတယ်။

# ကုလအထူးသံကိုယ်စားလှယ် ဦးသိန်းစိန်အစိုးရသစ်ကို ဖိအားပေး

**VOA ၊ မေ ၁၃ ။** ။ မြန်မာနိုင်ငံကို ၃ ရက်ကြာသွားရောက်ခဲ့တဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် Vijay Nambiar က အစိုးရသစ်အနေနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို ကတိပေးထားတဲ့အတိုင်း အချိန်မဆိုင်းဘဲ အကောင်အထည်ဖော်သွားဖို့ တိုက်တွန်းလိုက်ပါတယ်။

အစိုးရသစ်မှာတာဝန်ရှိသူတွေ နိုင်ငံရေးပါတီတွေ တခြား သက်ဆိုင်သူပုဂ္ဂိုလ်တွေနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံက နိုင်ငံရေးနဲ့လူ့ အခွင့်အရေးအခြေအနေတွေတိုးတက်အောင် ဆောင်ရွက်ရေး ဆွေးနွေးသွားဖို့ ရည်ရွယ်ထားတဲ့ခရီးစဉ်အဆုံးသတ်ချိန်မှာ ပြောဆိုသွားတာပါ။

"မြန်မာနိုင်ငံအနေနဲ့ ရှေ့ဆက်တိုးဖို့ဆိုရင် အချိန်ဆိုင်းလို့ မဖြစ်နိုင်ဘူး။"လို့အထူးကိုယ်စားလှယ်က ခရီးစဉ်အဆုံးသတ် သတင်းစာရှင်းလင်းပွဲအတွင်း ပြောဆိုသွားတာဖြစ်ပါတယ်။ အပြောင်းအလဲတွေလုပ်ဖို့ အခွင့်အလမ်းတွေရှိနေတာကို လက်မလွှတ်ဖို့ အတွက်လည်း သူကတိုက်တွန်းသွားပါတယ်။

ရွေးကောက်ပွဲမှာပါဝင်ခဲ့ကြတဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေနဲ့ ရန်ကုန်မြို့မှာ ဒီကနေ့တွေ့ဆုံမှုတွေလုပ်ခဲ့ပြီး အစိုးရသစ်အပြောင်းအလဲအပေါ် မေးမြန်းရာမှာတော့ အခုအချိန်အထိ ပေးထားတဲ့ကတိတွေကို သိသိသာသာအကောင်အထည်ဖော်တာမျိုး မမြင်ရသေးတဲ့အကြောင်း သဘောထားပေးခဲ့ကြတယ်လို့ အထူးကိုယ်စားလှယ်နဲ့တွေ့ဆုံခဲ့တဲ့ နိုင်ငံရေးပါတီတွေထဲကတခုဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီက ဗိုလ်ချုပ်အေး မြန်မာပိုင်းကို ပြောပါတယ်။

အကျဉ်းသားတွေပြန်လွှတ်ပေးရေးလို လုပ်ငန်းတွေလုပ်ဆောင်သွားဖို့လိုအပ်ကြောင်းလည်း အထူးကိုယ်စားလှယ်က ပြောဆိုသွားတာပါ။ အစိုးရသစ်တက်လာပြီးတဲ့နောက် နိုင်ငံတကာ အသိုင်းအဝန်းကြားမှာသာမက မြန်မာနိုင်ငံမှာလည်း နိုင်ငံရေးအကျဉ်းသားတွေပြန်လည်လွှတ်မြောက်ရေးအတွက် မျှော်လင့်ချက်တွေ ကြီးထွားနေတယ်လို့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ဒီကနေ့ သတင်းစာရှင်းလင်းပွဲမှာပြောခဲ့ပါတယ်။

ခရီးစဉ်အစနေ့မှာတော့ အစိုးရရုံးစိုက်ရာ နေပြည်တော်ကို သွားရောက်ပြီး အစိုးရသစ်ရဲ့တာဝန်ရှိသူတွေနဲ့တွေ့ဆုံရာမှာ နိုင်ငံရေးနဲ့ လူ့အခွင့်အရေးအခြေအနေတွေတိုးတက်အောင် လုပ်ဆောင်သွားဖို့နဲ့ နိုင်ငံရေးအကျဉ်းသားတွေပြန်လွှတ်ပေးဖို့ကိုလည်း တိုက်တွန်းခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ မြန်မာအာဏာပိုင်တွေဘက်က ဆွေးနွေးမှုအပေါ် တစုံတရာတုံ့ပြန်တာမျိုးတော့မရှိဘူးလို့ အထူးကိုယ်စားလှယ် နမ်ဘီးယားနဲ့ တွေ့ဆုံခဲ့သူတွေက ပြန်ပြောကြပါတယ်။

---

## အီရတ်မြန်မာသံရုံး အလုပ်သမားတွေကို မကူညီ

**RFA ၊ မေ ၉ ။** ။ ဂျော်ဒန်နိုင်ငံ ဟာဆန်မြို့အိုအေစစ် အထည်ချုပ်စက်ရုံက လစာငွေတိုးမြင့်ရေးအတွက် အလုပ်မဆင်းဘဲ ဆန္ဒပြနေတဲ့ မြန်မာအလုပ်သမားတွေရဲ့တောင်းဆိုချက်ကို အလုပ်ရှင် က ငြင်းပယ်လိုက်ကြောင်းသိရပါတယ်။

ဒါပေမဲ့ ဂျော်ဒန်နိုင်ငံမှာအလုပ်လုပ်ကိုင်နိုင်ဖို့အတွက် စီစဉ်ပေးတဲ့ ရန်ကုန်မြို့က အလုပ်အကိုင်ရှာဖွေရေးအဖွဲ့ရဲ့ ကိုယ်စားလှယ်က အလုပ်သမားတွေကိုလာရောက်ညှိနှိုင်းနေတယ်လို့ ဆန္ဒပြအလုပ်သမား ကိုတီဒီထွန်းက RFA ကိုပြောပါတယ်။

ရန်ကုန်မြို့မှာ ပွဲစားနဲ့ စာချုပ်ချုပ်စဉ်က ကတိပေးခဲ့တဲ့အတိုင်း လစာမရရှိတဲ့အပြင် စားစရိတ် ၁၅ ဒေါ်လာ ဖြတ်တောက်ခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်တွေလည်း ထုတ်မပေးတာကြောင့် အလုပ်သမားတွေက ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်နေ့က အလုပ်မဆင်းဘဲ ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်မှာ အလုပ်ရှင်က အလုပ်သမားတွေကို စားစရိတ်ကို ၅ ဒေါ်လာလျှော့ပေးပြီး ၁၀ ဒေါ်လာဘဲဖြတ်တောက်မဲ့အကြောင်းနဲ့ ရက်မှန်ကြေး ၁၀ ဒေါ်လာကို ၁၅ ဒေါ်လာအထိ တိုးပေးမဲ့အကြောင်း ညှိနှိုင်းခဲ့တယ်လို့ သိရပါတယ်။

အလုပ်သမားတွေကလက်မခံခဲ့ဘဲ ဆက်လက် ဆန္ဒပြနေတဲ့အတွက် အလုပ်ရှင်က သူတို့ကိုအလုပ်ပြန်ဆင်းဖို့ ဖိအားပေးခဲ့ကြောင်းနဲ့ အလုပ်သမားတွေက လက်မခံခဲ့ကြောင်းလည်း သိရပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဆန္ဒပြအလုပ်သမားတွေက အီရတ်နိုင်ငံက မြန်မာသံရုံးကိုဆက်သွယ်တိုင်ကြားခဲ့ပေမဲ့ သံရုံးက မကူညီတဲ့အပြင် အလုပ်သမားတွေကို ပြစ်တင်ပြောဆိုနေကြောင်း သိရပါတယ်။

---

## ဒေါ်စု ပြင်ပစည်းရုံးရေးခရီးစဉ် ပြန်လည်စတင်မည်

**RFA ၊ မေ ၁၃ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လာမဲ့လအနည်းငယ်အတွင်း ရန်ကုန်တိုင်း ပြင်ပကို စည်းရုံးရေးခရီးစဉ်တွေစတင်တော့မှာဖြစ်ကြောင်း ပြောဆိုလိုက်ပါတယ်။

"ဒီတခါ အကျယ်ချုပ်က လွတ်ပြီးတဲ့အချိန်မှာ အရင်အချိန်တွေကထက် အလွန်ကိုပိုပြီးတော့များပြားလှတဲ့ အလုပ်တာဝန်တွေနဲ့ပဲ ပိနေပါတယ်။ ရုံးနဲ့အိမ်နဲ့ အလုပ်နဲ့ဆိုင်တဲ့ကိစ္စတွေနဲ့ပဲ ရန်ကုန်တွင်းမှာ သွားလာနေရတာအချိန်ပြည့်ပါပဲ။ လအနည်းငယ်ကြာရင်တော့ ခရီးထွက်ဖို့စပြီးတော့ လုပ်နိုင်မယ်လို့မျှော်လင့်ပါတယ်။"

RFA က အပတ်စဉ်ထုတ်လွှင့်နေတဲ့ `လူထုနဲ့ဒေါ်အောင်ဆန်းစုကြည်`အစီအစဉ်အတွက် ချင်းတိုင်းရင်းသားတဦးရဲ့အမေးကို ဖြေဆိုရာမှာ ဒေါ်အောင်ဆန်းစုကြည်က ခုလို ဖြေကြားခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ကျနေစဉ်ကာလအတွင်း NLD ပါတီက ထုတ်ပယ်ခံထားရသူတွေနဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ ရဟန်းတော်များအဖွဲ့ချုပ်က ဆရာတော်တပါးရဲ့ မေးမြန်းချက်ကိုဖြေကြားရာမှာတော့ ဒီမိုကရေစီကျင့်စဉ်တွေကို တန်ဖိုးထားလိုက်နာသူတွေကို ပြန်လည်လက်တွဲမှာဖြစ်ကြောင်း ပြောဆိုလိုက်ပါတယ်။

"တပည့်တော်မကိုယ်တိုင်က ပါတီက အထုတ်ပယ် ခံခဲ့ရဖူးပါတယ်ဘုရား။ ဒါပေမဲ့လည်း အဖွဲ့ချုပ်အပေါ်မှာ သစ္စာစောင့်စည်းခဲ့ပြီး အကျယ်ချုပ်က ၁၉၉၅ ခုမှာပြန်လွတ်လာတော့ ပြန်ပြီး အဖွဲ့ချုပ်က တာဝန်တွေကိုထမ်းဆောင်ခဲ့ပါတယ် ဘုရား။ ဒါကြောင့် တပည့်တော်မတို့က ဒီမိုကရေစီစံနှုန်းထားတွေနဲ့ ဒီမိုကရေစီကျင့်စဉ်တွေကို တန်ဖိုးထားပြီး လုပ်ဆောင်တဲ့သူတွေကို ပြန်လည်လက်တွဲပူးပေါင်းဖို့ ဝန်မလေးပါဘူး ဘုရား။"

# ကြားဖြတ်ရွေးကောက်ပွဲတွင် ကျားဖြူပါတီ ပြိုင်မည်

**DVB ၊ မေ ၁၁ ။** ။ ဒီနှစ်နှောင်းပိုင်းလောက် ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်မယ်လို့ ကျားဖြူပါတီလို့ လူသိများတဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ပြောပါတယ်။

ပြည်ထောင်စုလွှတ်တော်ရဲ့ လစ်လပ်နေတဲ့ နေရာဆယ်ခုမှာ အစားထိုးဖို့အတွက် လာမယ့်အောက်တိုဘာ၊ နိုဝင်ဘာလလောက်မှာ ကျင်းပမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ကျားဖြူပါတီက ဝင်ပြိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှာပါဝင်တဲ့ သမ္မတနဲ့ဝန်ကြီးတွေအတွက် ပြည်ထောင်စုလွှတ်တော်ထဲမှာ နေရာ ၁၀ နေရာ လစ်လပ်နေတာကို ပြန်ရွေးကောက်မှာဖြစ်တယ်လို့ ကျားဖြူပါတီ ဒု–ဥက္ကဋ္ဌစိုင်းဆောင်ဆီက ခုလိုပြောပါတယ်။

"ကိုယ့်ရှမ်းပြည်မှာ လစ်လပ်သွားတဲ့နေရာတော့ အန်ကယ်တို့ ဝင်မှာ။ အန်ကယ် သိသလောက်တော့ အမျိုးသားလွှတ်တော် လားရှိုးက တနေရာ လွှတ်မယ်။ နောက် ကလောက ၁ နေရာလွှတ်မယ်။ လုပ်ငန်းသဘောအရပြင်ဆင်ထားတာ။ ကိုယ်စားလှယ်အနေနဲ့ကတော့ ရွေးကောက်ပွဲ လုပ်ထုံးလုပ်နည်းလာတဲ့အချိန်ကျမှ အန်ကယ်တို့ ကိုယ်စားလှယ်လောင်း ရှာမယ်၊ အမည်စာရင်းတင်သွင်းမယ်။ သူ့ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်သွားမှာပါ။"

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဟာ ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းစတဲ့ တိုင်းဒေသကြီးတွေက လွှတ်တော် ၃ ရပ်စလုံးမှာ အမတ် ၁၅၇ နေရာ ဝင်ပြိုင်ခဲ့ပြီး အမတ် ၅၇ နေရာရထားပါတယ်။ ရှမ်းပြည်တိုင်းရင်းသား ပါတီတွေထဲမှာ အင်အားအကြီးဆုံးဖြစ်ပါတယ်။ ပါတီရဲ့ မူဝါဒပေါ်လစီပြောင်းလဲမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေတာနဲ့ပတ်သက်ပြီး စိုင်းဆောင်ဆီက အပြောင်းအလဲ မရှိပါဘူးလို့ပြောပါတယ်။

"ပါတီရဲ့ မူဝါဒပြောင်းစရာ အကြောင်းမရှိပါဘူး။ ပြောင်းတဲ့ထုံးစံလည်း သိပ်မရှိဘူးလေ။ ဒီမိုကရေစီ ထွန်းကားရေးနဲ့ တန်းတူညီမျှခြင်း ပေါ်ပေါက်ရေးနဲ့၊ အပြန်အလှန်လေးစားမှု ရှိရေးတို့ကတော့ အန်ကယ်တို့ ပါတီရဲ့ မူဝါဒပေ့ါ။ ပြည်သူလူထုကတော့ ဥပဒေလိုက်နာဖို့ တာဝန်ရှိသလို၊ အခြေခံဥပဒေအရလည်းပြည်သူလူထုမှာ အခွင့်အရေးတွေရှိတယ်။ အခြေခံဥပဒေအရ ရပိုင်ခွင့်ရှိတယ်။ မူလအခွင့်အရေးတွေ အားလုံးအပြည့်အဝရဖို့အတွက် အန်ကယ်တို့ ကူညီစောင့်ရှောက်မယ်။ အဖိအနှိပ်အချုပ်အချယ်ခံရတယ်ဆိုရင် အန်ကယ်တို့က ဥပဒေအရ ကူညီဖြေရှင်းပေးမယ်။"

ကျားဖြူပါတီမှ ကျောက်မဲမြို့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရုံး၊ ပြည်နယ်ကိုယ်စားလှယ်ရုံးတွေ ဖွင့်လှစ်သွားမယ်လို့သူက ပြောပါတယ်။

# ပြည်တွင်းငြိမ်းချမ်းရေးမရသေးတာ ၆၄ နှစ်ရှိပြီ

**BBC ၊ မေ ၁၀ ။** ။ ရန်ကုန်အခြေစိုက် အမရိကန်သံရုံးတာဝန်ခံက မကွေးတိုင်းကိုဆင်းပြီး ဒေသခံနိုင်ငံရေးသမားတွေကို တွေ့ဆုံဆွေးနွေးခဲ့တာမှာ နိုင်ငံရေးသမားတွေက ပြည်တွင်းငြိမ်းချမ်းရေးနဲ့ နိုင်ငံတည်ငြိမ်ရေးအကြောင်းတွေ ပြောခဲ့တယ်လို့သိရပါတယ်။

"ကျမအသက် ၆၄ နှစ်ရှိပြီ ပြည်တွင်းငြိမ်းချမ်းရေးမရတာလည်း ၆၄ နှစ်ရှိပြီ၊ နိုင်ငံရေးမတည်ငြိမ်ရင် ဘယ်သူတွေကဘယ်လောက်ဘဲ စီးပွားရေးနဲ့အကူအညီပေးပေး နိုင်ငံမထူထောင်ဘူး ပြည်သူတွေလည်း အများကြီးဆင်းရဲနေတယ်။"လို့ အမေရိကန်သံရုံးတာဝန်ခံ မစ္စတာ လယ်ရီဒင်းဂါးကိုပြောခဲ့တဲ့အကြောင်း မကွေးတိုင်း NLD ပါတီအမျိုးသမီးခေါင်းဆောင် ရေနံချောင်း NLD ဒုဥက္ကဋ္ဌ ဒေါ်ခင်စောဌေးက ဘီဘီစီကိုပြောပါတယ်။

တခါ အမေရိကန်ပြည်ထောင်စုမှာ ပြည်နယ်တွေရှိတဲ့အတိုင်း ဖယ်ဒရယ်ပုံစံကိုအားကျမိကြောင်း၊ မြန်မာနိုင်ငံမှာလည်း အလားတူဖြစ်လိုကြောင်း သံရုံးတာဝန်ခံကိုပြောပြခဲ့တယ်လို့ သူကဆိုပါတယ်။ နိုင်ငံရေးအရဖိနှိပ်မှုတွေရှိ မရှိ မေးတာကိုတော့ အရင်ကဆို အဖမ်းခံရတယ်၊ အခုနောက်ပိုင်းတော့ အဖမ်းမခံရတော့ဘူး၊ ဒါပေမယ့် ရှေ့ဆက်လုပ်စရာရှိတာတွေကိုတော့ ဆက်လုပ်သွားမယ်လို့ ပြောခဲ့ကြောင်း မကွေးတိုင်း NLD အမျိုးသမီးခေါင်းဆောင်က ဘီဘီစီကိုပြောပါတယ်။

အစိုးရသစ်နဲ့ သမတသစ်ဦးသိန်းစိန်ရဲ့ မိန့်ခွန်းတို့အပေါ် သူတို့ဆီကအမြင် တောင်းခံတဲ့အခါမှာလည်း သမတသစ်ဦးသိန်းစိန်က ငြိမ်းချမ်းရေးကိုရှေ့ရှုတဲ့စကားမျိုး ပြောခဲ့ပေမယ့် တကယ်တမ်းမှာ နိုင်ငံရေးအကျဉ်းသားတွေတောင် မလွှတ်သေးတဲ့အတွက် အစိုးရသစ်နဲ့ သမတသစ်အပေါ် ယုံကြည်မှုမရှိတဲ့အကြောင်း ပြောခဲ့တယ်လို့ ဒေါ်ခင်စောဌေးကပြောပါတယ်။

အမေရိကန်သံရုံးတာဝန်ခံလယ်ရီဒင်းဂါးဟာ မကွေးတိုင်းထဲက မကွေး၊ ရေနံချောင်း၊ ချောက်မြို့တွေက ဒေသခံ NLD နဲ့ NDF ပါတီတွေက နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။

# နိုင်ငံကူးလက်မှတ် ထပ်မံပြောင်းလဲ

**DVB ၊ မေ ၁၂ ။** ။ အစိုးရသစ်လက်ထက်မှာ မြန်မာနိုင်ငံကူးလက်မှတ်တွေကို အပြောင်းအလဲ လုပ်လိုက်ပါတယ်။ နိုင်ငံကူးလက်မှတ်တွေမှာ နိုင်ငံအမည်စာသားတွေနဲ့ နိုင်ငံတော်တံဆိပ် ပြောင်းလဲတာဖြစ်ပြီး အတွင်းစာရွက်ပါစာသားတွေလည်း ပြောင်းလဲသွားပြီလို့ နိုင်ငံကူးလက်မှတ် ထုတ်လာသူတွေက ပြောပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် UNION OF MYANMAR ဆိုတဲ့စာသားနေရာမှာ REPUBLIC OF THE UNION OF MYANMAR ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်။ ဆိုပြီး အစားထိုးပြောင်းလဲလိုက်တာပါ။ နိုင်ငံတော်တံဆိပ်လည်း အသစ်ပြောင်းသွားပြီး အရင်လို ပင်နယံ ခွေးသွားစိတ် မပါတော့ပါဘူး။ စာအုပ်အတွင်းပိုင်းမှာလည်း အလားတူပြောင်းလဲသွားတယ်လို့ မကြာသေးမီက စာအုပ်ထုတ်လာသူတဦးက ပြောပြပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်မတိုင်ခင်မှာ စထုတ်ပေးတဲ့ ဒီစာအုပ်သစ်နဲ့ပတ်သက်လို့ ရန်ကုန်မြို့ခံတဦးက အခုလို ပြောပါတယ်။

"မထူးပါဘူး။ စက္ကူသားကတော့ အရင်ဟာပါပဲ။ အဖုံးမှာပဲ ပြောင်းသွားပြီးတော့ တခြားနိုင်ငံတွေက စာအုပ်တွေနဲ့စာရင်တော့ အီးဗားရှင်းက မြင်ကွင်းမကောင်းဘူး၊ နည်းနည်း မှုန်ဝါးဝါးနဲ့"

ဒီအပြောင်းအလဲကို သက်ဆိုင်ရာက တရားဝင် ထုတ်ပြန်ကြေညာတာ မတွေ့ရဘူးလို့ ရန်ကုန်မြို့ခံတွေက ပြောပါတယ်။ ဒါဟာ မနှစ်က ဧပြီလဆန်း ၁ ရက်မှာ စတင်ထုတ်ပေးတဲ့ စက်ဖြင့် ဖတ်ရှုနိုင်သည်ဆိုတဲ့ နိုင်ငံကူးလက်မှတ်သစ်တနည်းအားဖြင့် ဘားကုတ်ပါ စာအုပ်သစ်တွေပေါ် ထပ်ဆင့်ပြောင်းလဲလာတာဖြစ်ပါတယ်။ ဧပြီလဆန်းမှာ စတင်အတည်ပြုတဲ့ အစိုးရသစ်နဲ့အတူထုတ်ပေးလာတဲ့ နိုင်ငံကူးလက်မှတ်ကို ပြည်ပခရီးသွားနေကျ ရန်ကုန်မြို့ ခံတဦးကတော့ ခုလို ဝေဖန်ပါတယ်။

"ဘယ်က ပိုကောင်းလာရမလဲ။ အရင်ကအတိုင်းဒုံရင်းဒုံရင်းပဲ။ သူတို့က စာသားပဲပြောင်းတာပဲလေ။ ထွက်လာတဲ့စာအုပ်တွေမှာ တအုပ်နဲ့တအုပ် အရောင်မတူဘူး။ ယှဉ်ပြီးတော့ကြည့်ရင်သိတယ်။ တချို့စာအုပ်က အနီများတယ်၊ တချို့စာ အုပ်က အဝါများတယ်၊ တချို့စာအုပ်က အပြာများတယ်။အရင်တုန်းက နအဖအစိုးရ ကနေပြီးတော့ ဘောင်းဘီချွတ် ပုဆိုးဝတ်ပြီးတော့ အခုသိန်းစိန်အစိုးရလိုပဲ ပတ်စ်ပို့တွေကလည်း UNION OF MYANMAR နဲ့ REPUBLIC OF THE UNION OF MYANMAR ဒီစာသားလေးပြောင်းလိုက်တာပဲရှိတာ။ ကျန်တာက ဘာမှပြောင်းတာမှမဟုတ်ဘဲ။"

# ငြိမ်းချမ်းရေး ပဋိပက္ခနှင့် အကြမ်းဖက်မှု

ခင်မမျိုး

**ယခင်တပတ်မှအဆက်**

အကြမ်းဖက်မှုနဲ့ စစ်ပွဲတွေကြောင့် လူပေါင်းများစွာရဲ့အသက်တွေ၊ ဘဝတွေ ပျက်စီးရုံမကပဲ၊နောက်ဆက်တွဲအနေနဲ့ စိတ်ဒဏ်ရာတွေပါ လူ့အဖွဲ့အစည်းအတွင်းမှာ ကျန်ခဲ့စေပါတယ်။ ဒါကြောင့် ပဋိပက္ခတွေကိုကိုယ်ချင်းစာနာမှု၊ တီထွင်ဆန်းသစ်မှု၊ အကြမ်းမဖက်မှုစတာတွေအပေါ်မှာ အခြေခံပြီး ကိုင်တွယ်ဖြေရှင်းနိုင်မှသာငြိမ်းချမ်းရေးရနိုင်မှာ ဖြစ်တယ်လို့ ပညာရှင်တွေက ရေးသားတင်ပြခဲ့ကြပါတယ်။

ပဋိပက္ခဆိုရာဝယ်

ငြိမ်းချမ်းရေးသိပ္ပံပညာရပ်က ပဋိပက္ခဆိုတာ ဆိုးဝါးမှု၊အကြမ်းဖက်မှု မဟုတ်ပဲ လူတွေရဲ့ဘဝ၊ လူမှုဆက်ဆံရေးနဲ့လူသား ဖွံ့ဖြိုးတိုးတက်မှုမှာ ပုံမှန်ဖြစ်ပွားနေတဲ့ အရာဖြစ်တယ်လို့ရှုမြင်သုံးသပ်ပါတယ်။ လူတိုင်း၊ အဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းမှာ ရည်မှန်းချက်ပန်းတိုင်တွေရှိပြီး၊ ဒီရည်မှန်းချက်ပန်းတိုင်တွေအကြားမှာ မတူညီကွဲပြားမှုတွေ၊ သဟဇာတမရှိမှုတွေ ဖြစ်လာတဲ့အခါ ပဋိပက္ခတွေဖြစ်လာနိုင်ပါတယ်။ ဒီလို ပဋိပက္ခတွေဟာ အသွင်သဏ္ဍာန်အမျိုးမျိုးနဲ့ ဖြစ်တည်နေတတ်ပြီး လူတယောက်ရဲ့ စိတ်ထဲမှာ ဒွိဟဖြစ်နေခြင်း (intra-personal conflict)၊လူနှစ်ဦးအကြားပဋိပက္ခ (interpersonal conflict)၊ အုပ်စုတွင်း ပဋိပက္ခ (intra-group conflict)၊ အုပ်စုများ အကြားမှ ပဋိပက္ခ (intergroup conflict), နိုင်ငံတွင်းပဋိပက္ခ (national (intra-state) conflicts) နဲ့ နိုင်ငံများအကြားမှ ပဋိပက္ခ ( international (interstate)conflicts) ဆိုပြီး၊ အမျိုးမျိုးကွဲပြားပါတယ်။

ပဋိပက္ခတွေ ဖြစ်လာရတဲ့ အကြောင်းရင်းတွေမှာ ဒီလို ကွဲပြားခြားနားပြီး၊ သဟဇာတမဖြစ်တဲ့ ရည်မှန်းချက်ပန်းတိုင်တွေ (Content or contradiction) အပြင်၊ သက်ဆိုင်သူတွေရဲ့ အမြင်သဘောထား (Attitude) နဲ့ ပြုမူဆောင်ရွက်ပုံ (Behaviour) တွေလဲ ပါဝင်တယ်လို့ သတ်မှတ်ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး၊ ပဋိပက္ခအဘေးဘီစီ သုံးနာညီတြိဂံ ပေါ်ထွက်လာပါတယ်။ ပဋိပက္ခတွေတိုင်းမှာ အေဘီစီ အချက်တွေဖြစ်တဲ့ Attitude, Behaviour and Content ဆိုတာ တွေရှိနေပြီး၊ ဒီသုံးမျိုးက ဆက်စပ်နေပါတယ်။ ဒီအချက်သုံးခုကိုလေ့လာ ခြင်းအားဖြင့် ပဋိပက္ခတွေအပေါ်မှာ နားလည်မှု ပိုရှိပြီး၊ ဒီလိုပဋိပက္ခတွေ ကိုဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကိုလဲ ရှာဖွေလာနိုင်မှာ ဖြစ်ပါတယ်။ ဥပမာ- အားလပ်ရက်တရက်မှာ ယောကျ်ားဖြစ်သူက အိမ်မှာ စာဖတ်ချင်ပြီး၊ မိန်းမဖြစ်သူက ဈေးဝယ်ထွက်လိုတဲ့အခါ သူတို့ဆီမှာမတူညီ ကွဲပြားတဲ့ content or contradictionတွေ ရှိနေပါပြီ။ ဒီအခါမှာ တဦးတဘက်ကဖြစ်စေ၊ နှစ်ဦးစလုံးကဖြစ်စေ သူတို့ရဲ့ မိသားစုဆက်ဆံရေးကို အားလပ်ရက် အသုံးချမှု အမြင်သဘောထား (attitude) တွေထက် ပိုပြီး တန်ဖိုးထားရင် (သို့မဟုတ်) တဘက်နဲ့တဘက်လိုအပ်ချက်တွေနဲ့ ပြုမူဆောင်ရွက်ပုံ (behaviour) တွေကို နားလည်မှုပေးနိုင်ရင်၊ ဒီမိသားစုမှာ ကွဲပြားမှုတွေကိုဖြေရှင်းနိုင်မယ့် shared strategy ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပဋိပက္ခဆိုတာ ပြဿနာမဟုတ်ပဲ ဒါကိုရှုမြင်သုံးသပ်ပုံနဲ့ ကိုင်တွယ်ဖြေရှင်းပုံကသာ ပြဿနာဖြစ်ကြောင်း ပညာရှင်တွေက မီးမောင်းထိုး ဖော်ပြခဲ့ကြပါတယ်။ အထက်က ဖော်ပြထားတဲ့ ဥပမာမှာ ယောကျ်ားဖြစ်သူက 'မင်းသွားချင်တိုင်း အမြဲလိုက်မပို့ပေးနိုင်ဘူး၊ မင်းဘာသာသွား၊ ငါစာဖတ်စရာရှိတယ်'လို့ ပြောပြီး၊ မိန်းမဖြစ်သူကလဲ 'ရှင်ဟာ မိန်းမတွေရဲ့ လိုအပ်ချက်ကို မလိုက်လျောပေးနိုင်တဲ့ ယောကျ်ားပဲ။ ရှင်ပို့ပေးမှ သွားရမှာ မဟုတ်ဘူး။ ကျွန်မဘာသာ တက္ကဆီနဲ့သွားမယ် ' ဆိုပြီး၊ အပြန်အလှန်အော်ဟစ်မှုတွေ ဖြစ်ပွားလာခဲ့ပြီဆိုပါစို့။ ဒီလို conflict escalation ဖြစ်ပွားလာမှုဟာ 'ငါမှန်တယ်၊ သူမှားတယ်'ဆိုတဲ့ အမြင်သဘောထား (attitudes) နဲ့ တဘက်နဲ့တဘက် အော်ဟစ်မှု၊ စွပ်စွဲပြောဆိုမှုတွေ ပြုလုပ်တဲ့ အပြုအမူ (behaviour) တွေကြောင့် ပဲ ဖြစ်ပါတယ်။ ဒီလို အမြင်သဘောထားနဲ့ အပြုအမူတွေအပေါ်မှာ အခြေတည်ပြီး၊ ပဋိပက္ခတွေ ကြီးထွားလာချိန်မှာ မိန်းမဖြစ်သူက တက္ကဆီနဲ့ အပြင်ထွက်သွားခဲ့လို့ တဘက်နဲ့တဘက်စွပ်စွဲမှုတွေ၊ ရန်ပွဲတွေ မဖြစ်လာရင်တောင် ဒါဟာ ပြီးဆုံးသွားတဲ့ပဋိပက္ခလို့မဆိုနိုင်ပါဘူး။တိုက်ဆိုင်ချိန်မှာအချိန်မရွေးပြန်လည်ပေါ်ထွက်လာနိုင်ပါတယ်။

ပဋိပက္ခအရေးလေ့လာသူ Keltner ရဲ့ 'struggle spectrum' အရ ပဋိပက္ခတွေ ဆင့်ကဲဖြစ်ပေါ်မှုတွေမှာ အဆင့်ခြောက်ဆင့်ရှိပါတယ်။ ပထမအဆင့်ကတော့ ကွဲပြားမှုဖြစ်ပြီး၊ ဒုတိယ အဆင့်ကတော့ သဘောတူညီချက် မရမှုပါ။ အဲဒီအခါမှာ အငြင်းပွားမှု အဆင့်ကို တက်သွားပြီး၊ သူမှန်တယ်-ငါမှန်တယ်နဲ့ ပြောဆိုမှုတွေ ဖြစ်လာပါတယ်။ နောက်ဆုံးမှာ စွပ်စွဲပြောဆိုမှုတွေ ရှိလာပြီး၊ ရန်ပွဲအသွင်ရောက်သွားတတ်ပါတယ်။ ဒီလိုပဋိပက္ခအဆင့်တွေတိုင်းမှာဦးတည်ရာနှစ်ခုရှိပါတယ်။ တခုကတော့ ပဋိပက္ခတွေ ပိုမိုကြီးထွားလာခြင်း (conflict escalation) ဖြစ်ပြီး၊ ဒုတိယဦးတည်ရာကတော့

ပဋိပက္ခရေချိန် လျော့ကျလာခြင်း (conflict de-escalation) ဖြစ်ပါတယ်။ ပဋိပက္ခဖြစ်ပေါ်မှု အဆင့်တွေမှာ ပိုမိုကြီးထွားလာခြင်း၊ လျော့ကျလာခြင်းက လူတွေရဲ့ အမြင်သဘောထားတွေနဲ့ ကိုင်တွယ်ဖြေရှင်းမှုပေါ်မှာ မူတည်ပါတယ်။

လူမှုစိတ်ပညာနဲ့ လူမှုမနုဿဗေဒပညာရပ်တွေမှာ ပဋိပက္ခတွေနဲ့ ပတ်သက်တဲ့ အမြင်သဘောထားနဲ့ ပြုမူ ဆောင်ရွက်ပုံတွေကို လေ့လာဖော်ထုတ် ထားပါတယ်။ အမြင်ကျဉ်းမြောင်းခြင်း၊ ငြိမ်းရှောင်ခြင်း၊ အင်အားသုံးဖြေရှင်းခြင်း၊ အနိုင်ကျင့်ဗိုလ်ကျခြင်း၊ခွဲခြား

စာမျက်နှာ ၁၉ သို့

# အမေရိကန်အထူးကိုယ်စားလှယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မျှော်လင့်

**Mizzima | မေ ၁၃ ||** ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အထူးအကြံပေးအရာရှိ ဗီဂျေနမ်ဘီးယားထက် အမေရိကန်၏ မြန်မာပြည်အထူးကိုယ်စားလှယ်က မြန်မာ့ဒီမိုကရေစီရေးတွင် ပိုမိုတက်ကြွစွာ ဆောင်ရွက်နိုင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရ ဦးအုန်းကြိုင်က မျှော်လင့်နေသည်။

သုံးရက်ကြာမြန်မာနိုင်ငံရောက်ရှိနေသည့်ကုလအထူးသံတမန် ဗီဂျေနမ်ဘီးယားနှင့်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် NLD အကြီးတန်းခေါင်းဆောင်များ ကြာသပတေးနေ့က နစ်နာရီကြာ ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းနေအိမ်တွင် ဆွေးနွေးခဲ့ကြပြီးနောက် ဦးအုန်းကြိုင်က ပြောကြားလိုက်ခြင်း ဖြစ်သည်။

"အမေရိကန်ဆိုတာက ဒီမိုကရေစီရေးမှာတက်ကြွတယ် ဒီမိုကရေစီရဲ့မိခင်နိုင်ငံကြီးလို့အသိအမှတ်ပြုထားတော့အမေရိကန်ကတော့ ကုလသမဂ္ဂထက်စာရင် ပိုပြီးတော့လွတ်လွတ်လပ်လပ်ပေါ့ဗျာ၊ သူ့မှာ Power balance ရှိပေမယ့်လည်း တနိုင်ငံတည်းဆိုတော့ဗျာ ပိုပြီးတက်တက်ကြွကြွဆောင်ရွက်နိုင်တယ်လို့ ကျနော့်တယောက်ထဲ အမြင်ပေါ့" ဟု ဦးအုန်းကြိုင်ကမဇ္ဈိမကို ပြောသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာနိုင်ငံဆိုင်ရာမူဝါဒညှိနှိုင်းရေးမှူးနှင့် သမ္မတအထူးကိုယ်စားလှယ်အဖြစ် အာရှအတွေ့အကြုံနှင့် တရုတ်နိုင်ငံအတွေ့အကြုံများရှိသူ ဒဲရက်မစ်ချဲလ်ကို ခန့်ထားရန် အထက်လွှတ်တော်ကိုအဆိုပြုထားသည်။

အထက်လွှတ်တော်ကအတည်ပြုပြီးလျှင် မစ္စတာဒဲရက်မစ်ချဲလ် သံအမတ်အဆင့်တာဝန်ကို ထမ်းဆောင်မည် ဖြစ်သည်။ ထိုကဲ့သို့ အမေရိကန်ကိုယ်စားလှယ် အမည်စာရင်းတင်သွင်းပြီး မကြာမီမှာပင် ငြိမ်း ချမ်းရေးနိုဘယ်လ်ဆုရှင်ဒေါ်အောင်ဆန်းစုကြည်ကကြိုဆိုလိုက်ပြီး မြန်မာ့ဒီမိုကရေစီရေးအတွက် စစ်မှန်သည့်ကူညီမှုမျိုးရနိုင်ရန် မျှော်မှန်းကြောင်း AP သတင်းတရပ်တွင်ပါရှိသည်။

လက်ရှိတွင် မစ္စတာမစ်ချဲသည် ကာကွယ်ရေးဝန်ကြီးဌာန အာရှနဲ့ပစိဖိတ်ဒေသလုံခြုံရေးရာ ဒုလက်ထောက် ကာကွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်လျက်ရှိသည်။

"ကုလသမဂ္ဂမှာလည်းကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်တဲ့အတွက်ကြောင့် ကန့်သတ်ထားတာတွေရှိပါတယ်၊ လုံခြုံရေးကောင်စီတို့ ဘာတို့မှာတင်ပြီးတော့ ဆွေးနွေးရတဲ့အချက်တွေရှိတယ်" ဟု ဦးအုန်းကြိုင်က မဇ္ဈိမကိုပြောသည်။

ဒီမိုကရက်တစ်ပါတီ-မြန်မာ ဥက္ကဋ္ဌဦးသုဝေကမူ "အမေရိကန်ကတော့ လုပ်ပိုင်ခွင့်ပိုရှိချင်ရှိမယ် ဒါဟာ လုပ်တဲ့အပေါ်မှာ တည်တာကိုးဗျ၊ လုပ်ပိုင်ခွင့်ဘယ်လောက်ရှိရှိတကယ်လုပ်မယ့်လူဆိုရင်တော့ကြံဖန်ပြီးတော့နည်းလမ်းရှာပြီးလုပ် လို့ရတာပဲ၊ မလုပ်ချင်ဘူးဆိုရင်တော့ လုပ်ပိုင်ခွင့်ရှိလည်းပဲ လုပ်ဖြစ်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ဒီလို အဆင့်မြင့်တဲ့ပုဂ္ဂိုလ်တွေလာပြီးတော့ လေ့လာလေပိုကောင်းပါတယ်" ဟု မှတ်ချက်ပေးသည်။

အစိုးရပုံစံပြောင်းအပြီး မြန်မာပြည်ပထမဆုံးရောက်လာသော မစ္စတာ ဗီဂျေနမ်ဘီးယား သမ္မတဦးသိန်းစိန်နှင့်ပါတွေ့ဆုံလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း နေပြည်တော်က စိတ်ဝင်စားဟန် မပြဘဲ ရှိသည်။

ကုလကိုယ်စားလှယ်သည် ဗုဒ္ဓဟူးနေ့က နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး ကိုကို စသည့် အစိုးရသစ်တာဝန်ရှိသူ တချို့နှင့် တွေ့ဆုံခွင့်ရခဲ့သော်လည်း သမ္မတဦးသိန်းစိန်နှင့်မတွေ့ခဲ့ရပေ။

နောက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဗဟိုအလုပ်အမှုဆောင်ဦးဉာဏ်ဝင်း ဦးဟန်သာမြင့်တို့နှင့် သီးသန့်တခါတွေ့ဆုံပြီး NLD ဒုတိယဥက္ကဋ္ဌဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးဉာဏ်ဝင်း၊ ဦးအုန်းကြိုင်၊ ဦးဟန်သာမြင့်၊ ဒေါ်မေဝင်းမြင့်၊ ဦးဝင်းမြင့်တို့နှင့် နောက်တကြိမ်ဆွေးနွေးပြန်သည်။

အစိုးရသစ်ထံမှ အင်မတန်အားတက်ဖွယ် အရိပ်လက္ခဏာတွေကြောင်း ကုလကိုယ်စားလှယ်ကဆွေးနွေးပွဲအပြီး သတင်းထောက်များကို ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ပွင့်လင်းသောဆွေးနွေးပွဲဖြစ်ကြောင်းနှင့် အပျက်သဘောမဆောင်လိုဟုဆိုကာ အစိုးရသစ်၏နောက်ထပ်ခြေလှမ်းကို စောင့်ကြည့်ရန်လို သည်ဟုဆိုသည်။

ဆွေးနွေးပွဲတွင် NLD ဘက်က နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးနှင့် ပါတီတရားဝင်ဆက်လက်ရပ်တည်နိုင်ရေး ကုလသမဂ္ဂက အကူညီပေးစေလိုကြောင်းတင်ပြခဲ့သည်။ ထို့အပြင် ထိရောက်မှု အားနည်းသောကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ကိုယ်စားလှယ်အဖြစ်ထက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းသံတမန်တဦး ခန့်ထားသင့်သည်ဟု NLD ဗဟိုအလုပ်မှုဆောင်ဦးဝင်းတင်က ဗီအိုအေ မြန်မာပိုင်းသို့ ပြောကြားသွားသည်။

မြန်မာအစိုးရသစ်က လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေကို သိသိသာသာအပြောင်းအလဲမလုပ်သေးခင် သူ၏တရားဝင်ရပ်တည်မှုအတွက် ကုလသမဂ္ဂကို အသုံးချတာမျိုးအဖြစ် မခံသင့်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က သတိပေးထားသည်။

တတိယမြောက် ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဗီဂျေးနမ်ဘီးယား သောကြာနေ့တွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည် ဖြစ်ပြီး မပြန်ခင် ရွေးကောက်ပွဲဝင်ပါတီ ၁၁ ခုမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်သည်။

ရွေးကောက်ပွဲသပိတ်မှောက်ခဲ့သော်လည်း NLD မှာ အကြီးဆုံးပါလီမန်ပြင်ပအတိုက်အခံဖြစ် ဆက်လက်ရပ်တည်နေပြီး ဒေါ်အောင်ဆန်းစုကြည်မှာ အတိုက်အခံခေါင်းဆောင်အဖြစ် ဆက်လက်တည်ရှိနေသည်။

ဗီဂျေနမ်ဘီးယားအရင် မြန်မာ့အရေးဆောင်ရွက်ရန် ကုလသမဂ္ဂက ရာဇာလီအစ္စမေးလ်နှင့်ဂမ်ဘာရီတို့ကိုစေလွှတ်ခဲ့ရာ မစ္စတာဂမ်ဘာရီခရီးစဉ် နောက်ဆုံးတခေါက်တွင် ဒေါ်အောင်ဆန်းစုကြည်က ထွက်မတွေ့သည်အထိဖြစ်ခဲ့သည်။ ဗီဂျေနမ်ဘီးယားသည် ဘန်ကီမွန်း၏ရုံးအဖွဲ့မှူးအဖြစ် ၂၀၀၇ ဇန်နဝါရီလမှစ၍ ထမ်းဆောင်ခဲ့သည်။

## ဗေဒါကျောင်းအိမ်ရှင်ကို အာဏာပိုင်တွေဖိအားပေး

**Mizzima ၊ မေ ၁၃ ။** ။ အတိုက်အခံလုပ်ရှားသူများ တည်ထောင်ထားသော ဗဟုသုတတိုးပွားရာသင်တန်းကျောင်းကို နေရာဆက်မငှားရန် ဒေသအာဏာပိုင်များက အိမ်ရှင်သို့ဖိအားပေးမှု ရန်ကုန် သင်္ဃန်းကျွန်းတွင်ဖြစ်ပွားခဲ့သည်။

သင်္ဃန်းကျွန်း ၁၆ ရက်ကွက် သုမနလမ်း အမှတ် ၄၅၃ ရှိသင်တန်းနေရာကိုဆက်ငှားလျှင် အိမ်သိမ်းခံရမည်ဟု ရပ်ကွက်အာဏာပိုင်များကခြိမ်းခြောက်ပြီးနောက် အိမ်ရှင်က အမြန်ဆုံးပြောင်းရွှေ့ပေးရန် ပြောလာသည်ဟု ဗေဒါအင်စတီကျူ Baydar Institute ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်ဦးကပြောသည်။

အိမ်ရှင်နှင့်သဘောတူချက်တွင် ၆ လ အငှားချုပ်ဆိုထားသည် ။ယခုတခါပြောင်းရွှေ့ရလျှင် လေးလအတွင်း သုံးကြိမ်မြောက်နေရာပြောင်းခြင်းဖြစ်မည်။

"ကျောင်းရွှေ့ပြီး ၂ ရက်လောက်လည်းနေရော မြို့နယ် အုပ်ချုပ်ရေးမှူးက အိမ်ရှင်ကိုခေါ်ပြီး လက်မှတ်ထိုးခိုင်းတယ်။ ရွှေ့ခိုင်းတယ်ကြားတယ်။ အဲဒါ အိမ်ရှင်ကနေ့တိုင်းလာပြီး သူ့အိမ်ကိုသိမ်းမှာကြောက်တယ်၊ စိုးရိမ်တယ်ဆိုပြီး လာလာပြောတယ်" ဟု ဦးမြင့်ဦးက မဇ္ဈိမသို့ပြောသည်။

ဗေဒါကျောင်းအုပ်ချုပ်သူများက သင်္ဃန်းကျွန်းအခြေစိုက် အမျိုးသားဒီမိုကရေစီအင်အားစု NDF လွှတ်တော်အမတ် ဦးသိန်းညွန့် အနေဖြင့် ကျောင်းဆက်လက်ဖွင့်ခွင့်ရရေးကူညီပေးရန် မေတ္တာရပ်ခံထားကြသည်ဟု ဆိုသည်။

တက္ကသိုလ်ဝင်တန်းအောင်သူများမှ ဘွဲ့ရသူများအထိ တက်ရောက်သင်ကြားနိုင်သောဗေဒါကျောင်း၌ လူမှုရေးသိပ္ပံ၊ ကမ္ဘာ့ပဋိပက္ခများအကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများကိုလေ့လာခြင်း နှင့် အခြေခံအင်္ဂလိပ်ဘာသာရပ်များကို နှစ်ပတ်ကြာ အခမဲ့ပို့ချပေးနေသည်။

တိုင်းနှင့်ပြည်နယ်များမှလာရောက်သည့် သင်တန်းသား ၃၀ ကျော်ကို ကျောင်းအိပ်ကျောင်းစား သင်ကြားပေးနေရာ အပတ်စဉ် ၆ အထိရှိပြီဖြစ်သည်။

သင်တန်းဆင်းပွဲများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒုဥက္ကဋ္ဌဦးတင်ဦးနှင့်ပါတီခေါင်းဆောင်များ လာရောက်လေ့ရှိပြီး လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်း သဝဏ်လွှာများပို့ပေးခဲ့သည်။ အဖွဲ့ဝင် ၂၀ ရှိ Baydar Institute ဦးဆောင်သူများတွင် NLD ပါတီဝင်အချို့၊ ကိုမျိုးရန်နောင်သိန်း၊ ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလယှဉ်ပြိုင်ခဲ့ကြသည့်ဦးဝင်းချို၊ တောင်ဥက္ကလာပ ဒေါက်တာစောနိုင်၊ ၈၈ မျိုးဆက်ကိုဖြိုးမင်းသိန်းတို့ ပါဝင်သည်။

ဒေသအာဏာပိုင်များက အိမ်ရှင်များကိုလက်မခံရန် ခြိမ်းခြောက်ဖိအားပေးရာက ဤနှစ်ဆန်းကစဖွင့်သောဗေဒါမှာ တာမွေမှ စမ်းချောင်း၊ စမ်းချောင်းမှသင်္ဃန်းကျွန်းသို့ ရောက်ရှိလာသည်။

"ပြည်သူလူထုတွေရဲ့ပညာပေးလုပ်ငန်းတွေကို အစိုးရကမလုပ်နိုင်လို့ တခြားစေတနာရှိသူတွေက လုပ်တော့လည်း ဖိအား အမျိုးမျိုးတွေနဲ့ အနှောက်အယှက်ပေးတယ်ဆိုတာကတော့ နဂိုကစစ်အစိုးရနဲ့နောက်တက်တဲ့ ပြည်ထောင်စုသမ္မတ အုပ်ချုပ်တဲ့ဟာနဲ့ပေါ့လေ ဘာမှမထူးသလိုပါပဲ" ဟု ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြင့်ဦးက ပြောသည်။

## အနိုင်ကျင့်မှုတိုင်ကြားသူကို ကြံ့ဖွံ့ခြိမ်းခြောက်

**RFA၊ မေ ၁၄ ။** ။ သာယာဝတီခရိုင် သုံးဆယ်မြို့မှာ ကိုင်းမြေတွေ စိုက်ပျိုးမရအောင် တမံတုတ်လို့ အထက်ကိုတိုင်ကြားသူတွေကို ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီစည်းရုံးရေးမှူးက ခြိမ်းခြောက်ခဲ့တယ်လို့ သိရှိရပါတယ်။

သုံးဆယ်မြို့အပိုင် ဇီးပွဲကျေးရွာရှိဘိုးစဉ်ဘောင်ဆက်ကတောင်သူ ၂၀ လောက် စိုက်ပျိုးလုပ်ကိုင်လာတဲ့ ဦးပိုင်ပေါက် ကိုင်း မြေဧကသုံးရာခန့်အပေါ်မှာ၊ မိုးအကျပေါ်ပေါက်လာတဲ့ ယာယီ လယ် ကြားအင်းကိုလုပ်ကိုင်ခွင့်ရသူ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ စည်းရုံးရေးမှူး ဦးရဲဒင်က တမံတုတ်ပိတ်ဆို့တာကို တိုင်ကြားခဲ့တဲ့အတွက်အခုလို ခြိမ်းခြောက်ခံရတာဖြစ်ကြောင်း သာယာဝတီဒေသခံတဦးက ပြောပြ ပါတယ်။

"သုံးဆယ်မြို့က ပြည်ခိုင်ဖြိုးပါတီစည်းရုံးရေးမှူး သီဟသုဓမ္မ ဦးရဲတင်ဆိုတာ အင်းလုပ်ငန်းတွေလုပ်တယ်ပေါ့။ သူက ကိုင်းတွေကို စက်ယန္တယားကြီးတွေနဲ့ ကန်ဘောင်အမြင့်ကြီးတွေ လုပ်လိုက်တော့ လယ်သမားတွေ စိုက်ပျိုးရေးလုပ်လို့မရတော့တာ ၂ နှစ်ရှိပြီ။ ဒီနေ့လယ်သမားတွေက သက်ဆိုင်ရာကိုတိုင်တယ်။ တိုင်တော့လည်း အာဏာပိုင်အဖွဲ့အစည်းတွေက အရေးမယူဘူး။ အဲဒီတော့ ဦးရဲဒင်ကဘာတဆင့်တိုးလုပ်လဲဆိုတော့ ရဲတပ်ဖွဲ့ဝင်တွေခေါ်သွားပြီး သေနတ်တွေဖောက်တယ်၊ ရိုင်းရိုင်းစိုင်းစိုင်း ခြိမ်းခြောက်တယ်"

ဧပြီလ ၁၀ ရက်နေ့က တကြိမ်၊ မေလ ၉ ရက်နေ့က တကြိမ်၊ စုစုပေါင်းနှစ်ကြိမ်ခြိမ်းခြောက်ခဲ့ရာမှာ ဇီးပွဲရွာခံတဦးကလည်း သူ့အတွေ့အကြုံကို ခုလိုရှင်းပြပါတယ်။

"သူကရဲတွေခေါ်ပြီး ရွာဘေးမှာသေနတ်တွေဖောက်တယ်။ ရဲလေးငါးယောက်ပါတယ်။ တိုင်တဲ့ကောင် ငါနဲ့ တွေ့မယ်- ငါ့ဘာကောင်ထင်လို့လဲ ပစ်သတ်ပစ်မယ်ဆိုပြီးတော့ သေနတ်ဖောက်တယ်။ ညနေ ၆ နာရီလောက်ကတည်းက ရွာပတ်လည်မှာကြိမ်းနေတာ။ ရွာအတွင်း ထဲမဝင်ဘူး၊ ရွာဘေးနားက သူတို့အလုပ်လုပ်တဲ့နေရာအနားမှာ"

---

**စာမျက်နှာ ၁၇ မှ**

ဆက်ဆံခြင်း၊ တယူ သန်ခြင်း၊ လူမျိုးကြီးဝါဒ ကျင့်သုံးခြင်း၊ ဘာ သာရေး၊ လူမျိုးရေးအယူအဆ အစွန်းရောက်ခြင်း စတာတွေဟာပဋိပက္ခတွေကို ကြီးထွားစေနိုင်ပြီး၊ လူသားဆန်မှု၊ သည်းခံခွင့်လွှတ်မှု၊လူ့သိက္ခာကို တန်ဖိုးထားမှု၊ ရိုးသားမှု၊ အပြန်အလှန်လေးစားမှု၊ တွေ့ဆုံဆွေးနွေးမှုစတာတွေကတော့ ပဋိပက္ခတွေကို လျော့ကျစေနိုင်ပါတယ်။ ဒါကြောင့် ပဋိပက္ခတွေဟာ စစ်ပွဲတွေ၊ အကြမ်းဖက်မှုတွေနဲ့မတူညီပါဘူး။ ပဋိပက္ခတွေက ပုံမှန်ဖြစ်ပွားနေတဲ့ အရာ တွေဖြစ်ပြီးအောဘီစီအချက်တွေဖြစ်တဲ့ Attitude, Behaviour and Content သုံးခုပေါင်းစပ်ပါဝင်ပြီး၊ စစ်ပွဲတွေကတော့ပြုမူဆောင်ရွက်ပုံ (Behaviour) နဲ့သက်ဆိုင်ပါတယ်။

ဒါကြောင့် စစ်ပွဲတွေကို ပြုမူဆောင်ရွက်ပုံအား ပြောင်းလဲခြင်း (behaviour change) နဲ့အဆုံးသတ်လို့ရပါတယ်။ ပဋိပက္ခတွေကိုတော့ ပြုမူဆောင်ရွက်ပုံ ပြောင်းလဲရုံနဲ့ ဖြေရှင်းလို့မရနိုင်ပါဘူး။ ပဋိပက္ခကိုဖြစ်ပွားစေတဲ့အကြောင်းတရားတွေ၊မတူညီတဲ့ရည်မှန်းချက်ပန်းတိုင်တွေကို ပဋိပက္ခဖြစ်ပွားမှုအဆင့် လျော့ကျစေနိုင်တဲ့ အမြင်သဘောထားတွေကိုင်စွဲပြီး၊ ခြိမ်းခြောက် အင်အားသုံး အနိုင်ကျင့် ဗိုလ်ကျခြင်း မပါသောပြုမူဆောင်ရွက်ပုံတွေနဲ့ ဖြေရှင်းနိုင်ဖို့ ပဋိပက္ခမှာပါဝင်ပတ်သက်နေသူတွေအားလုံးက ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

**ရွှေ့တပတ်ဆက်လက်ဖော်ပြပါမည်၊**

# နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး လက်မှတ်များ သမတထံ ပေးပို့

**RFA၊ မေ ၁၃ ။** ။ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေး အတွက် လက်မှတ်ရေးထိုးတောင်းဆိုလှုပ်ရှားမှုအရ မြန်မာနိုင်ငံတ ဝန်းက ကောက်ခံရရှိထားတဲ့ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက် ရေးတောင်းဆိုတဲ့ လက်မှတ်ပေါင်း ၆,၀၀၀ ကို ၈၈ မျိုးဆက် ကျောင်း သားများအဖွဲ့က နေပြည်တော်ရှိ သမ္မတဦးသိန်းစိန်ရုံးထံ မေလ ၁၃ ရက် ဒီကနေ့ ပို့လိုက်တယ်လို့သိရပါတယ်။

ဒီလက်မှတ်များကို တာဝန်ယူကောက်ခံနေတဲ့ ကိုတိုးကျော် လှိုင်က အခုလိုပြောပါတယ်။

"ပို့တော့ ကျွန်တော်တို့က ရန်ကုန်စာတိုက်ကြီးကနေပြီးတော့ အမြန်ချောဌာနရှိတယ်ဗျာ။ အဲဒီ အမြန်ချောဌာနမှာ ဒီနေ့ကျတော့ လက်မှတ်အားလုံးပေါင်း ၆,၀၀၀ ဆိုတော့ စာ အေဖိုးတမျက်နှာကို ၁၂ ယောက်စာ လက်မှတ်ပြင်ထားတာလေ။ ပြင်ထားတာဆိုတော့ လက်မှတ် ၆,၀၀၀ ဆိုတော့ အားလုံးပေါင်း အေဖိုး ရွက်ရေ ၅၀၀ တထုပ်စာပေါ့နော်။ ၅၀၀ တထုပ်စာ ကျွန်တော်တို့သွားတင်တယ်။ သွားတင်တဲ့အခါကျတော့ သူက စာအနေနဲ့မရဘူးပေါ့။ ပါဆယ်ထုပ် အနေနဲ့ထုပ်ပြီးတော့ ချောနဲ့ကျွန်တော်တို့သွားတာပေါ့။ အမြန်ချော ပါဆယ်ပေါ့နော်။"

ကောက်ခံရရှိထားတဲ့လက်မှတ်တွေဟာ သောင်းဂဏန်း ရှိနေပေမဲ့ လက်မှတ်ရေးထိုးသူတွေ နှစ်ကြိမ် သုံးကြိမ် မထပ်စေရ အောင် အသေအချာပြန်လည်စိစစ်နေရတဲ့အတွက် အားလုံးကို တပြိုင်နက် တည်းပို့ဖို့ အခက်အခဲရှိတယ်လို့လည်း ဆက်ပြောပါတယ်။

"ပြန်ပြီးတော့စိစစ်ရတာတွေရှိတယ်ဗျာ။ အဓိက စိစစ်တယ်ဆို တာ တော်တော် တရွက်ချင်းကိုစိစစ်ရတယ်။ ဥပမာ လူတယောက် ထဲကို နှစ်ခါထိုးလိုက်တာမျိုး ဖြစ်တာမျိုးတွေလည်း တွေ့ရတယ်လေ။ အဲဒါမျိုးတွေကျရင် ကျွန်တော်တို့ကပြန်ဖယ်ရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့အပေါ်မှာ ထောက်စရာဖြစ်မှာစိုးလို့။ ပြီး တဲ့အခါကျတော့မှ ကျွန်တော်တို့က ပြန်ပြီးတော့ နံပါတ်စဉ်တွေ ရေး ထိုးရတယ်ဆိုတော့ ဒီဖက်ပိုင်းမှာလည်း တော်တော်လေး ပြန်ပြီးတော့ လုပ်ယူရတာရှိတယ်လေ။"

ပြီးခဲ့တဲ့ ဧပြီလ ၂၅ ရက်နေ့က လက်မှတ်ပေါင်း ၄၀၈ ခု ပို့ခဲ့ပြီး ဖြစ်တဲ့အတွက် ဒီတကြိမ်နဲ့ဆိုရင် သမ္မတဦးသိန်းစိန်ရုံးထံပို့ခဲ့ပြီးတဲ့ လက်မှတ်ပေါင်း ခြောက်ထောင်လေးရာကျော် ရှိသွားပြီဖြစ်ပါတယ်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**